မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၉၃)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

လက်ခံ တွေ့ဆုံ

နိုင်ငံတော်သမ္မတဦးသိန်းစိန် အမေရိကန် ပြည်ထောင်စု အထက်လွှတ်တော် အမတ် Mr. James Henry Webb ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန် အထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ခိုင်မာရေး၊ စီးပွားရေးကဏ္ဍ အပါအဝင် အခြားသောကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများ ဖော်ဆောင်ရေး၊ ပြည်တွင်းနိုင်ငံရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr. James Henry Webb နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

- စင်ကာပူရှိ နှစ် ၆၀ ကျော် အသံလွှင့်ဌာနအဆောက်အအုံ သက်တမ်းရင့်၍ ပိတ်သိမ်းပြီ — စာ-၄
- ဝေဟင်အမြင့်ပေ ၃၆၀၀၀ ရှိ လေယာဉ်ပေါ်တွင် ကလေးငယ်တစ်ဦးမွေးဖွား — စာ-၄
- စပိန်လာလီဂါပွဲစဉ်(၃၁)ယှဉ်ပြိုင် ရီးရဲမက်ဒရစ် အိမ်ကွင်း၌သရေပွဲဖြစ် — စာ-၁၁
- နာမည်ကြီး ရုပ်ရှင်မင်းသမီး ဖန်ဘင်းဘင်း တောင်ကိုရီးယားမင်းသားတစ်ဦးနှင့် ဓာတ်ကားရိုက်မည် — စာ-၁၁

10-4 (01).pmd 1 4/10/2012, 2:29 AM

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဧပြီ ၁၀ ရက်)

ရိုးသားခြင်းနှင့် ကြိုးစားခြင်း

လောက၌ ရိုးသားခြင်းနှင့် ကြိုးစားခြင်းတည်းဟူသော အကြောင်းနှစ်ပါးသည် ကြီးပွားတိုးတက်ရာ အကြောင်းနှစ်ပါးဟု ဆိုထိုက်၏။ ထိုအကြောင်းနှစ်ပါးနှင့် ညီညွတ်အောင်နေထိုင်ကြသူများသည် ကြီးပွားတိုးတက်ကြရ၏။ အကြောင်းနှစ်ပါးသည် တစ်ခုနှင့်တစ်ခုဆက်စပ်နေ၏။

ရိုးသားခြင်းရှိသော်လည်း ကြိုးစားခြင်းမရှိလျှင် မကြီးပွားနိုင်၊ တစ်ဖန် ကြိုးစားခြင်းရှိသော်လည်း ရိုးသားခြင်းမရှိလျှင် မကြီးပွားနိုင်။ ရိုးလည်းရိုးသားရမည်၊ ကြိုးလည်း ကြိုးစားရမည်။ သို့မှသာ ကြီးပွားခြင်းကို အမှန်ရနိုင်၏။

ရိုးသားခြင်းကား ကောင်း၏။ သို့သော် 'အ'ခြင်းကား မကောင်း၊ ရိုးခြင်းနှင့် 'အ'ခြင်းကားမတူ။ ရိုးခြင်းသည် အမှားအမှန်ကိုဝေဖန်ပိုင်းခြားနိုင်၏။ ဖြောင့်မတ်မှန်ကန်စွာ ပြောဆိုလုပ်ကိုင်တတ်၏။ 'အ'ခြင်းကား ထိုသို့မဟုတ်။ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်မှုမရှိ။ ထို့ကြောင့်ပင် လူကြီးသူမများက "ရိုးရိုး ဖြောင့်ဖြောင့်လုပ်ကြစမ်းပါ၊ မ'အ'ကြပါနဲ့၊ 'အ'တယ် နုံတယ်ဆိုတာ မကောင်းဘူး" ဟူ၍ မကြာခဏ ပြောဆိုဆုံးမလေ့ရှိ၏။

စာရေးဆရာကြီး ဦးသာဓုက "ရိုးသားသော်တစ်သက်" ဟု ရေးဖူးသည်။ ရိုးသားသူသည် တစ်သက်ပင်စား၍မကုန်။ ရိုးဂုဏ်ဖြောင့်ဂုဏ်ကြောင့်ပင် လောကအလယ်တွင် တင့်တယ်၏။ လူချစ် လူခင်ပေါ၏။ ဆက်ဆံပေါင်းသင်းမှုကောင်းသဖြင့် အများချစ်ခင်၏။ ချစ်ခင်မှုကိုရရှိကာ ကြီးပွားမှုအခွင့်အလမ်းများလည်း ရရှိစေနိုင်၏။ "ရိုးရိုးကျင့် မြင့်မြင့်ကြံ" ဆိုသည့်စကားအတိုင်း အပြောရိုးရမည်။ မနောရိုးရမည်။ အလုပ်လည်း ရိုးရမည်။ သို့မှသာ ရိုးသားဖြောင့်မတ်ခြင်း ဂုဏ်ကိုရမည်။

ဤသို့ ရိုးသားဖြောင့်မတ်ခြင်းဂုဏ်ကိုဆောင်လျက် ကြိုးစားရန်လည်းလို၏။ ကြိုးစားခြင်းကား အမျိုးမျိုးရှိ၏။ ပညာကိုလိုသော် ပညာကိုကြိုးစား၊ ရာထူးဌာနန္တရလိုသော် အလုပ်ကိုကြိုးစား၊ ကြီးပွားချမ်းသာမှုလိုသော် ချွေတာစုဆောင်း၊ သို့ဆိုလျှင် တစ်နေ့ ကြီးပွားတိုးတက်မည်မှာ အမှန်ပင်ဖြစ်၏။

ကြိုးစားသည်ဆိုရာ၌ ကောက်ရိုးမီးလို ကြိုးစားခြင်းကား အကျိုးမရှိ။ မလျှော့မပေါ့သော ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားရပေမည်။ တစ်ကြိမ်ကြိုးစားလို့ မရလျှင် နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ် စသည်ဖြင့် အကြိမ်များစွာ ကြိုးစားရမည်။ မည်မျှပင်ကြီးမားသော သစ်ပင်ကြီးဖြစ်စေကာမူ ပုဆိန်ငယ်ဖြင့် အကြိမ်ပေါင်းများစွာခုတ်လျှင် လဲနိုင်သည်ဆိုသည့် စိတ်ဓာတ်ဖြင့် ကြိုးစားရမည်။ အလိုရှိအပ်သောအရာတိုင်း ဖွဲမလျှော့ဘဲ ကြိုးစားအားထုတ်ပါမူ တစ်နေ့ မုချအောင်နိုင်၏။

ထို့ကြောင့် လူတိုင်းလူတိုင်းသည် ကြီးပွားတိုးတက်မှုကို အလိုရှိပါမူ ရိုးသားပြီး ကြိုးစားဖို့လိုသည်။ ထိုစကားရပ်နှစ်ခုစလုံးကိုတွဲပြီး ကျင့်ကြံပါမှ တိုးတက်အောင်မြင်နိုင်သည်။ တချို့ရိုးသားသည် သို့သော် ကြိုးစားမှုမရှိ၍ အောင်မြင်မှုမရ၊ ကြိုးစားသော်လည်း ရိုးသားခြင်းမရှိ၍ အောင်မြင်တိုးတက်မှုမရှိ ဖြစ်တတ်သည်။ သို့ပါ၍ ရိုးသားပြီး ကြိုးစားကြပါရန်ဟု တိုက်တွန်းလိုက်ရပါသည်။ ။

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကတိုး၊ ကော့နှပ်နှင့် ကော့လှာကျေးရွာအုပ်စုတွင် မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမြင့်အောင်ဦးစီးသော ဝန်ထမ်းများ မတ် ၂၀ ရက်မှ ဧပြီ ၃ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်စဉ်။ (မြို့နယ်လဝက)

သမိုင်းဝင် ကျိုက်သလ္လံစေတီတော် ဓာတ်လှေကားတည်ဆောက်ရေး အလှူငွေပေးအပ်

မော်လမြိုင် ဧပြီ ၉

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှုနှင့်မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ကြီးကြပ်မှုတို့ဖြင့် စေတီတော်အရှေ့ဘက်မုခ်၌ ငွေကျပ် သိန်း ၂၀၀၀ အကုန်အကျခံတည်ဆောက်မည့် ဒုတိယမြောက်ဓာတ်လှေကားအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းလှိုင်ထံ ဒေါ်သန်းရင်အား ရည်စူး၍ မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အုတ်ဖိုလမ်းနေ ဦးတင်ညွန့် မိသားစုက ငွေကျပ် သိန်း ၁၃၀ ကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဇော်လင်းထွန်းနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေမျိုးတို့ထံ မော်လမြိုင်မြို့ မြိုင်ရတနာနှစ်ထပ်ဈေး(အထည်ဆိုင်) ဒေါ်ရီမိသားစုက ငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

လျှောက်လမ်းပေ ၂၀၀၊ အမြင့် ၈၅ ပေရှိ အဆိုပါ ဒုတိယမြောက် ဓာတ်လှေကားအတွက် ဆက်သွယ်လှူဒါန်းလိုပါက ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဇော်လင်းထွန်းနှင့် ကျိုက်သလ္လံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းမြင့် ဖုန်း-၀၅၇-၂၆၁၅၆၊ ၀၉-၈၇၀၀၇၇၆၊ အတွင်းရေးမှူး ဦးဟန်လွင် ဖုန်း-၀၉-၄၉၈၀ ၁၀၅၇၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃၂၂၃၀၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၁၀၇)

မြဝတီရုပ်မြင်သံကြား

၁၀-၄-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	မျိုးချစ်တပ်မတော်
၈း၀၀	၄။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	၅။	မြန်မာသကြ်န်

ညပိုင်း

၄း၄၅	၁။	အင်္ဂလိပ်စာသုတ
၅း၀၅	၂။	မြန်မာသကြ်န်
၅း၂၀	၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၉၆)
၆း၀၀	၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၅။	မြန်မာသကြ်န်
၇း၀၀	၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ** (အပိုင်း-၂၃)
၈း၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၈။	နိုင်ငံတကာသတင်း
	၉။	မိုးလေဝသသတင်း
	၁၀။	မွေးမြူသုတ
	၁၁။	ဟာသရုပ်စုံ
	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရိုက်အရာ** (အပိုင်း-၁)

ဟော်ကီဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

၂၀၁၂ခုနှစ် နဝမအကြိမ် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် ဟော်ကီပြိုင်ပွဲ ဆုပေးပွဲကို ဧပြီ ၇ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပရာ တတိယဆုရ တပ်မတော်(လေ)၊ ဒုတိယဆုရ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်စိုးနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများက ဆုများချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းက အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းဆု၊ အကောင်းဆုံး အလယ်တန်းဆု၊ အကောင်းဆုံးရှေ့တန်းဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲ၌ ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းအား ပထမတံခွန်စိုက် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ညွှန်ကြားရေးမှူးချုပ်သည် ညနေ ၄ နာရီတွင် သိမ်ဖြူအားကစားခန်းမ၌ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး T& T Group က စီစဉ်ကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝမ်းတွင်းမြို့နယ်၌ လိန်ပင်ကျေးရွာတံတားဖွင့်

ဝမ်းတွင်း ဧပြီ ၉

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် လိန်ပင်ရွာတံတားသစ်ဖွင့်ပွဲကို ဧပြီ ၇ ရက် နံနက်က တံတားမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ တံတားသစ်ကို ဝမ်းတွင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုထွေး၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ အလှူရှင် ဦးမြင့်သူ၊ ဇနီးဒေါ်ဖြူဖြူသန့်နှင့် သားမောင်ဆန်းသူရှိန်သန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်

အခမ်းအနားတွင် အလှူရှင်ဦးမြင့်သူက တံတားဖွင့်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမောင်က တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျေးရွာပြည်သူများ ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

အကုန်ကျခံတည်ဆောက်

အဆိုပါ လိန်ပင်ရွာတံတားသည် အရှည် ၉၂ ပေ၊ အကျယ် ၁၀ ပေ ၃လက်မ၊ လူသွားလမ်းအကျယ် ငါးပေ၊ အမြင့် ၁၀ ပေဖြစ်ပြီး သံကူကွန်ကရစ်တံတားဖြစ်သည်။ တံတားအလှူရှင်မှာ ငွေကျပ် ၆၄၆ သိန်း အကုန်ကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ လိန်ပင်ရွာတံတားကြီးပြီးစီးသွားသဖြင့် ဒေသထွက်ကုန်များ ပိုမိုကုန်စည်ကူးသန်းရောင်းဝယ်နိုင်ပြီး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

သုံးခွမြို့နယ်၌ သုတရတနာစာကြည့်တိုက်ဖွင့်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပုဂံတောင်ကျေးရွာအုပ်စု ပတုပ်ကြီးကျေးရွာ သုတရတနာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၉ နာရီက ကျင်းပရာ သုံးခွမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေး၊ ပုဂံတောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ဆက်လက်၍ လှူဒါန်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက စာအုပ်စာစောင် ၁၀၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၁၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုက စာအုပ်စာစောင် ၁၀၀၊ အလှူရှင် ဦးနိုင်ဦး-ဒေါ်စန်းစန်းဝင်း မိသားစုက စာကြည့်တိုက် ဆောက်လုပ်ရန်မြေနေရာ၊ ဦးဇော်ဝင်း-ဒေါ်အုန်းဌေး မိသားစုက ငွေကျပ် ခုနစ်သောင်းနှင့် သုတရသစာအုပ်များ၊ ဦးကျော်မြင့်-ဒေါ်မာမာစိန် မိသားစုက နာရီတစ်လုံး၊ လေးပေမီးချောင်းတစ်ချောင်းနှင့် စာအုပ်စာစောင်တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ငါးသိန်းဖြင့် ဆောက်လုပ်ခဲ့ပြီး အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ တစ်ထပ်အဆောက်အအုံ ဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ရှာင်မြို့၌ လေပြင်းတိုက်၊ အိမ်များသွပ်မိုးလန်

ရှာင် ဧပြီ ၉

ရှာင်မြို့နယ် မြို့ကြီးကျေးရွာတွင် ဧပြီ ၆ ရက် ည ၇ နာရီခွဲခန့်က ရုတ်တရက် မိုးသက်လေပြင်းကျရောက်သဖြင့် မြို့ကြီးတောင်ပုလုကျောင်းဝင်း အတွင်းရှိ ကိုးတောင်ပြည့်တောင်ပုလုဆုတောင်းပြည့်စေတီမှာ ဖောင်းရစ်မှ ပြိုကျပြီး ထီးတော်မှာ မြေခသွားခဲ့သည်။ မြို့ကြီးအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်မှာလည်း သွပ်အချပ်၆၀ကျော် အမိုးလန်သွားပြီး ထုပ်လျှောက်ဒိုင်းမြားများလည်း ပျက်စီးသွားခဲ့သည်။ တောင်ပုလုကျောင်းအတွင်းရှိ ပေ ၂၀ ပတ်လည် ဇရပ်တစ်ဆောင်မှာလည်း ပြိုကျပျက်စီးသွားသည်။ (ဝဲပုံ) နေအိမ်တိုက်တာများမှာလည်း လေပြင်းတိုက်ခတ်မှုကြောင့် အမိုး၊ အကာများ လွင့်ပါပျက်စီးသွားပြီး သစ်ပင်ကြီးများလည်း မြို့ကြီး-ဟံမြင့်မိုရ်သွားကားလမ်းပေါ်တွင် လဲကျခဲ့သဖြင့် ခေတ္တအသွားအလာ ပြတ်တောက်သွားခဲ့ရသည်။

မြို့ကြီးကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စု ၆၆ စုမှာ လေပြင်းဒဏ်ခံရပြီး ပျက်စီးဆုံးရှုံးသွားသော အိမ်ထောင်စုများကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌဦးထူးကိုကိုနှင့်အဖွဲ့ လာရောက်ကြည့်ရှုအားပေးပြီး တစ်အိမ်ထောင်လျှင် ငွေကျပ် ၃၅၀၀၀စီ ထောက်ပံ့ကူညီပေးခဲ့သည်။ လေပြင်းတိုက်ခတ်သွားသော်လည်းလူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှု မရှိကြောင်း သိရှိရသည်။ (၀၁၂)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှသဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

ဖိုင်ဘာကွန်ရက်တည်ဆောက်ခြင်းအတွက် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဧပြီ ၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် International Telecommunication Holdings Limited (ITHL) တို့၏ ဖိုင်ဘာကွန်ရက်တည်ဆောက်ခြင်းအတွက် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့တွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ ဒုတိယဝန်ကြီး ဦးတင့်လွင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြူဒ္ဒိလှနှင့် ဌာနမှူးကြီးများ၊ International Telecommunication Holdings Limited (ITHL)မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြူဒ္ဒိလှက များပြားလာသည့် တယ်လီဖုန်းများ အရည်အသွေးကောင်းမွန်စွာ ပြောဆိုနိုင်ရေး၊ Internet data များ မြန်ဆန်စွာ အသုံးပြုနိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သော Optical Fiber Cable Network များအား တည်ဆောက်ရမည်ဖြစ်သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ အတွေ့အကြုံများစွာရှိသည့် စင်ကာပူနိုင်ငံအခြေစိုက် ITHL နှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး Chairman of Global and ITHL က မိတ်ဆက်စကား ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် Chairman of Global and ITHL တို့က လက်မှတ်ရေးထိုး၍ စာချုပ်များကို ဖလှယ်ကြကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် International Telecommunication Holdings Limited (ITHL) တို့၏ ဖိုင်ဘာကွန်ရက်တည်ဆောက်ခြင်းအတွက် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီး ခရိုင်/မြို့နယ်အဆင့် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းရေးနှင့် လူမှုစီးပွားဆိုင်ရာစာရင်းများ ကောက်ယူရေးလုပ်ငန်းရပ်များ ရှင်းလင်းတင်ပြသည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများရေးဆွဲဖော်ဆောင် စာရင်းကောက်ယူမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပံ့ပိုးကူညီ

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းရေးနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းများကောက်ယူရေး လုပ်ငန်းရပ်များ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက်၁၀နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် စာရင်းဇယားမှန်ကန်စွာ ရရှိရေး၊ ကျန်ရှိမှုမရှိရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ဆောင်မည့်လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်၍ လိုအပ်သောစာရင်းများရရှိနိုင်ရန် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိ စာရင်းကောက်ယူစုဆောင်းမှု လုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စာရင်းကောက်ယူမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ အဖွဲ့အစည်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဦးမျိုးညွန့်က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အဆင့်ဆင့်ဖွဲ့စည်းရန် လျာထားမှု၊ စာရင်းကောက်ယူရေး သင်တန်းပေးမှုအခြေအနေနှင့် ကောက်ယူမည့် စာရင်းအသေးစိတ်ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် ဌာနဆိုင်ရာများက ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၀-၄-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၀၅	ခါသကြ်န်အဆိုအကများ
၈း၃၀	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၄၀	International News

ညပိုင်း

၃း၁၅	AFC Cup 2012 Group Stage ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် [ရော၀တီယူနိုက်တက်အသင်း (မြန်မာ)နှင့် Navibank Saigon အသင်း (Vietnam)]
၅း၁၅	ခါသကြ်န်အဆိုအကများ
၅း၃၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၆း၀၀	ညနေခင်းသတင်း
၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ **ချမ်းမြေ့ပျော်ရွှင်** (အပိုင်း-၂၀)
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -ချိုမြိန်ရသာမုန့်ကမ္ဘာ -အိန္ဒိယရုပ်ရှင် **ဝိညာဉ်ကလဲ့စား** (အပိုင်း-၂)

ရခိုင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးကျော်ယဉ်ဦး မတ် ၃၀ ရက်က သံတွဲမြို့နယ် လင်းသာကျေးရွာအုပ်စု လင်းသာကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူတစ်ဦးချင်းထံသို့ ပေးအပ်စဉ်။ (လဝက)

ဂျာမနီနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးတင်ဝင်းအား ထိုင်းနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းအား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

နီပေါနိုင်ငံသမ္မတထံ သံအမတ်ကြီး ဦးအေးခိုင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၁၀

နီပေါဖယ်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအေးခိုင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် မတ် ၃၀ ရက်တွင် ကတ္တမန္ဒူးမြို့၌ နီပေါဖယ်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတဒေါက်တာရမ်ဘာရန်ရ် ယာဒါဗ့်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဘဝအမောပြေ

ကုန်ကျငွေ

အာကာဟိန်း - ရေးသားသည်

သားဖြစ်သူက ဖခင်ဖြစ်သူအား သူ၏လက်ထပ်ပွဲကျင်းပလိုသည့်အကြောင်း ပြောဆိုလေသည်။

သား ။ ။ အဖေ…ကျွန်တော်လက်ထပ်ချင်ပြီ။

ဖခင် ။ ။ အေး. . . ခွင့်ပြုပါတယ်။

သား ။ ။ လက်ထပ်ဖို့အတွက်လည်း ကျွန်တော်စုဆောင်းထားတဲ့ငွေ ရှိပါတယ်။

ဖခင် ။ ။ ကောင်းတာပေါ့သား။

သား ။ ။ အဖေတို့ ငွေကြေးမရှာဖွေရအောင်လို့ပါ။

ဖခင် ။ ။ လိမ္မာတယ်သားရယ်။

သား ။ ။ ဒါထက်…အဖေလက်ထပ်ခဲ့တုန်းက ငွေဘယ်လောက် ကုန်ကျခဲ့သလဲဟင်။

ဖခင် ။ ။ အခုအချိန်အထိကို စာရင်းပိတ်လို့မရသေးပါဘူးသားရယ်။

သား ။ ။ "ဗျာ"

ရဲခဲ့ထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့ရှိသူ	-	ထောင် (၁)နှစ်
၂။	ကစားသူ	-	ထောင် (၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	-	ထောင် (၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)

သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။**
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန် စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတွင် အိတ်ဇော်ပိုက်ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗွီးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတော်အလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (၁၀) မော်တော်ဆိုင်ကယ်မဝင်ရ သတ်မှတ်ထားသောနယ်မြေအတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။
- (၁၁) မော်တော်ဆိုင်ကယ်စီးနင်းလျှင် ဦးထုပ်ဆောင်းရမည်။ မေးသိုင်းကြိုးတပ်ရမည်။ နှစ်ဦးထက်ပို၍ စီးနင်းခြင်း မပြုရ။ အရှိန်ပြင်းမောင်းနှင်ခြင်းမပြုရ၊ ဟွန်းသံစုံတပ်ဆင်ခြင်းမပြုရ။

(ခ) **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။**

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ(**Alcohol Tester**)ဖြင့်တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား ဓာတ်ပုံမှတ်တမ်းရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"**

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပေးအပ်လှူဒါန်း

ဧပြီ ၁ ရက်က ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာဆေးပဒေသာပင်အတွက် အလှူရှင် ဦးအောင်သန်းညွန့် -ဒေါ်ခင်သီရိအောင်တို့က အလှူငွေကျပ် တစ်သိန်းကို ရိပ်သာဂေဟာမှူး ဦးမောင်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

နောက်ဆုံးရ နိုင်ငံတကာသတင်း

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

စင်ကာပူရှိ နှစ်ဖိဝကျော် အသံလွှင့်ဌာနအဆောက်အအုံ သက်တမ်းရင့်၍ ပိတ်သိမ်းပြီ

စင်ကာပူ ဧပြီ ၉

စင်ကာပူနိုင်ငံတွင် ရက်ဒီဖူးရှင်းအမည်ရှိ သက်တမ်းရင့်ရေဒီယို အသံလွှင့်ဌာန အဆောက်အအုံအား ဆက်လက်အသုံးပြုရန်မသင့်တော့သဖြင့် ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း စင်ကာပူနိုင်ငံထုတ် စထရိတ်တိုင်းမ် သတင်းစာက ဧပြီ ၉ ရက်တွင် ဖော်ပြသည်။ **(ဝဲပုံ)**

နားဆင်ခဲ့ကြ

အဆိုပါ ရက်ဒီဖူးရှင်းအသံလွှင့်ဌာန၏ သတင်းအစီအစဉ်များ ထုတ်လွှင့်မှုကို ဧပြီ ၈ ရက်က နောက်ဆုံးဆောင်ရွက်ခဲ့ပြီးနောက် လုပ်ငန်းများရပ်ဆိုင်းကာ ပိတ်သိမ်းလိုက်ခြင်းဖြစ်သည်။ ၎င်းအသံလွှင့်ဌာနမှ ထုတ်လွှင့်သော သတင်းအစီအစဉ်များကို လေလှိုင်းမှတစ်ဆင့် ပရိသတ်များ ၆၃ နှစ်ကြာမျှ နားဆင်ခဲ့ကြပြီးဖြစ်သည်။

ထုတ်လွှင့်ခဲ့

ယင်းအသံလွှင့်ဌာနအဆောက်အအုံကို စင်ကာပူနိုင်ငံတွင် ၁၉၄၉ ခုနှစ်၌ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းနှစ်ကုန်အချိန်မှစတင်ကာ အသံလွှင့်အစီအစဉ်များကို နေ့စဉ်ထုတ်လွှင့်ပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့သတင်းအစီအစဉ်များထုတ်လွှင့်ပေးရာတွင် အာရှ၊ အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပနိုင်ငံများ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးသတင်းများပါဝင်သည်။ ထို့အတူ ဖျော်ဖြေရေးအစီအစဉ်များ၊ အင်တာဗျူးများအပါအဝင် ဗဟုသုတဖြစ်ဖွယ်အစီအစဉ်များ ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ဂျီးရီးယားမြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ ၃၈ဦးသေဆုံး၊ အများအပြားဒဏ်ရာရရှိ

ကာဒူနာ ဧပြီ ၉

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာဒူနာမြို့တွင် ဧပြီ ၉ ရက် နံနက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၃၈ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယား အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

အရေးပေါ်တင်ပို့

ကားဗုံးပေါက်ကွဲသည့်နေရာမှာ ကာဒူနာမြို့လယ်ရှိ ဘာသာရေးအဆောက်အအုံတစ်ခုအနီးတွင် ရပ်ထားသောကားတစ်စီးပေါ်မှ ဗုံးများပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာအများအပြားရရှိခဲ့ပြီး ၎င်းတို့အား အနီးရှိဆေးရုံတစ်ရုံသို့ အရေးပေါ်တင်ပို့ပေးထားသည်။

ဖော်ပြ

အဆိုပါကားဗုံးပေါက်ကွဲမှု ဖြစ်ပွားသောနေရာသည် လူအသွားအလာများပြား စည်ကားသော မြို့လယ်လမ်းမကြီးအနီး ဟိုတယ်တစ်ခုနှင့် စားသောက်ဆိုင်တစ်ဆိုင်တို့နှင့်လည်း နီးကပ်နေသဖြင့် သေဆုံးဒဏ်ရာရရှိသူ များပြားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများတွင် ဗုံးပေါက်ကွဲချိန်၌ ဖြတ်သန်းမောင်းနှင်နေသော အငှားယာဉ်မောင်းများနှင့် ဒေသခံများဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

အာဂျင်တီးနား၌ ခရီးသည်တင်ကားတိမ်းမှောက် ၁၀ ဦးသေဆုံး၊ ၅၀ဒဏ်ရာရ

ဗျူနိုအေရိစ် ဧပြီ ၉

အာဂျင်တီးနားနိုင်ငံ အနောက်မြောက်ဘက် ဘိုလစ်ဗီးယားနယ်စပ်အနီးတွင် ခရီးသည်တင်ကားတစ်စီးတိမ်းမှောက်သဖြင့် ၁၀ ဦးသေဆုံးပြီး ၅၀ ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

ထိုးကျ

အာဂျင်တီးနားနိုင်ငံ ဂျူဂျိုင်းပြည်နယ်၌ ဧပြီ ၇ ရက်က ဘိုလစ်ဗီးယားနိုင်ငံ ဗီလာစွန်မြို့မှ အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိစ်မြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင်ကားတစ်စီး လမ်းဘေးမြောင်းအတွင်း ထိုးကျခဲ့သည်။

သေဆုံးသူများတွင် အမျိုးသားခုနစ်ဦး၊ ခြောက်လသားနှင့် ခြောက်နှစ်အရွယ် မိန်းကလေးတို့အပါအဝင် အမျိုးသမီးသုံးဦး ပါဝင်သည်။ ၃၄ ဦးမှာ ဒေသန္တရဆိုင်ရာ ဆေးရုံတွင် ကုသခံယူလျက်ရှိပြီး ဒဏ်ရာရရှိသူငါးဦးမှာ ဆေးရုံအရေးပေါ်အခန်း၌ ဆေးဝါးကုသမှုခံနေရကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာထောက်ပံ့ရေးယာဉ်တန်း ဂါဇာကမ်းမြောင်သို့ ရောက်ရှိ

ဂါဇာစီးတီး ဧပြီ ၉

ပြုံးပန်းဝေဝေခရီးစဉ် အမှတ်(၁၁)ထောက်ပံ့ရေးယာဉ်တန်းနှင့်အတူ နိုင်ငံတကာလူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ ၇၁ ဦးတို့သည် ဂါဇာကမ်းမြောင်သို့ ရောက်ရှိလာကြပြီဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါထောက်ပံ့ရေးယာဉ်တန်းသည် ဧပြီ ၆ ရက် နံနက်က ရာဖာနယ်စပ်ဖြတ်ကျော်ရေးစခန်းကို ဖြတ်သန်းပြီးနောက် အစ္စရေးတို့သိမ်းပိုက်ထားသည့် ဂါဇာကမ်းမြောင်အတွင်း ရောက်ရှိလာခြင်းဖြစ်သည်ဟု နိုင်ငံတကာ အရှေ့အလယ်ပိုင်း မီဒီယာဌာန (အိုင်အမ်အီးအမ်စီ)က ကြေညာသည်။

လိုက်ပါလာသည့် တက်ကြွလှုပ်ရှားသူများမှာ ဗြိတိန်၊ တောင်အာဖရိက၊ ဂျော်ဒန်၊ အီဂျစ်အပါအဝင် အာရှနိုင်ငံအချို့နှင့် နိုင်ငံတကာတို့မှဖြစ်သည်။ ၎င်းတို့နှင့်အတူ သမားတော်ကြီးများ၊ ခွဲစိတ်ကုဆရာဝန်ကြီးများ လိုက်ပါလာကြသည်။ **(အင်တာနက်)**

အကြမ်းဖက်သမားတို့ မြေမြှုပ်ဗုံးခွဲ၊ ဆိုမာလီတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

မိုဂါဒစ်ရှူး ဧပြီ ၉

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်မြောက်ဘက်တွင် ဧပြီ ၈ ရက်က ပြင်းထန်သည့်ပေါက်ကွဲမှုတစ်ခုဖြစ်ပွားသဖြင့် အနည်းဆုံး ဆိုမာလီတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသွားသည်။

ပေါက်ကွဲမှုဖြစ်ပွား

မိုဂါဒစ်ရှူးမြို့တော်မြောက်ပိုင်း ဟူရီဝါခရိုင်၌ ဧပြီ ၈ ရက်က စစ်ဘက်မော်တော်ယာဉ်တစ်စီးက မြေမြှုပ်ဗုံးနင်းမိပြီး ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။

ယင်းသို့ မြေမြှုပ်ဗုံးခွဲတိုက်ခိုက်ခြင်းမှာ မိမိတို့လက်ချက်ဖြစ်ကြောင်း မည်သည့်အုပ်စုကမျှ ထုတ်ဖော်ကြေညာခြင်းမရှိသေးပေ။

သို့သော် အစိုးရတပ်နှင့် နိုင်ငံခြားတပ်ဖွဲ့ဝင်များအား ထောက်ခံသူများကို အရှိန်မြှင့်တိုက်ခိုက်မည်ဖြစ်ကြောင်း အယ်ရှာဘက်လက်နက်ကိုင်အုပ်စုက မကြာမီက ကြေညာသည်။ **(အင်တာနက်)**

ပါကစ္စတန်သမ္မတ အလီဇာဒါရီ အိန္ဒိယနိုင်ငံသို့အလည်အပတ်ရောက်ရှိ

နယူးဒေလီ ဧပြီ ၉

ပါကစ္စတန်သမ္မတ အလီဇာဒါရီ **(ယာပုံ)**သည် အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ သမ္မတအလီဇာဒါရီ၏ အိန္ဒိယခရီးစဉ်မှာ ပါကစ္စတန်နိုင်ငံ အကြီးအကဲတစ်ဦးအနေဖြင့် အိန္ဒိယနိုင်ငံသို့ ခုနစ်နှစ်အတွင်း ပထမဆုံးလာရောက်သည့် ခရီးဖြစ်သည်။

ဂုဏ်ပြုတည်ခင်း

ဧည့်သည်တော် ပါကစ္စတန်သမ္မတ အလီဇာဒါရီအား အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ဧပြီ ၈ ရက်တွင် နယူးဒေလီရှိ ၎င်း၏နေအိမ်၌ နေ့လယ်စာဖြင့် ဂုဏ်ပြုတည်ခင်းသည်။

ပါကစ္စတန်သမ္မတ၏ ခရီးစဉ်မှာ ပုဂ္ဂလိက ခရီးစဉ်ဖြစ်သော်လည်း နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှုများမြှင့်တင်နိုင်မည်ဟု မျှော်လင့်ရသည်ဆို၏။ ပါကစ္စတန်သမ္မတသည် အိမ်ရှင် ဝန်ကြီးချုပ်၏ ဂုဏ်ပြုနေ့လယ်စာ စားပွဲတက်ရောက်အပြီး ယင်းနေ့ညနေပိုင်းတွင် အစ္စလမ္မာဘတ်မြို့သို့ ပြန်ရန်အစီအစဉ်ရှိသည်ဟုဆို၏။

ပါကစ္စတန်သမ္မတအလီဇာဒါရီ၏ ယခုခရီးစဉ်သည် အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံအကြားဆက်ဆံရေးတိုးမြှင့်စေရန်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း ပါကစ္စတန်အရာရှိများကပြောကြားသည်။ **(အင်တာနက်)**

ဝေဟင်အမြင့်ပေ ၃၆၀၀၀ရှိ လေယာဉ်ပေါ်တွင် ကလေးငယ်တစ်ဦးမွေးဖွား

နယူးယောက် ဧပြီ ၉

နိုင်ဂျီးရီးယားနိုင်ငံမှ အမေရိကန် ကယ်လီဖိုးနီးယားသို့ အမြင့်ပေ ၃၆၀၀၀ ခန့်မှ ပျံသန်းလာနေသော ခရီးသည်တင်လေယာဉ်ကြီးတစ်စင်းပေါ်တွင် အမျိုးသမီးတစ်ဦး ကလေးမွေးဖွားသဖြင့် လမ်းကြောင်းပြောင်းကာ အာဖရိကအနောက်ပိုင်း ဆီနီဂေါနိုင်ငံသို့ ဆင်းသက်ခဲ့ရသည်။

ကက်သရင်းအိုနီဒို့ရ်နှင့် အတူနေချစ်သူ ဂရတ်ချ်အိုင်ဒိုနီတို့သည် မွေးဖွားရက်လိုသေးသဖြင့် နိုင်ဂျီးရီးယားနိုင်ငံမှ ကယ်လီဖိုးနီးယားသို့သွားရန် စိတ်အေးလက်အေးဖြင့် လေယာဉ်စီးခဲ့ကြခြင်းဖြစ်သည်။ သို့ဖြစ်၍ နေ့စေ့လစေ့ကိုယ်ဝန်သည် ကက်သရင်းသည် ဧပြီ ၁၅ ရက်တွင် မွေးဖွားမည်ထင်သည့် ရင်သွေးငယ်ကို ဒယ်လ်တာလေကြောင်းပိုင် လေယာဉ်ပေါ်၌ ဝေဟင်အမြင့်ပေ ၃၆၀၀၀ ခန့်တွင် မွေးဖွားလိုက်ရခြင်းဖြစ်သည်။

ပြောကြား

လေယာဉ်ပျံတက်ပြီး နာရီဝက်ခန့်အကြာတွင် ကိုယ်ဝန်သည် ကက်သရင်းမှာ ရေမွှာပေါက်ကာ သုံးနာရီခန့် မွေးဖွားမှုဝေဒနာခံစားပြီး သားယောကျ်ားလေးတစ်ဦးကို မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း၊ ဆင်းသက်ရန်အကြောင်းမရှိသည့် လေယာဉ်ကို ကလေးမွေးဖွားမှုပြီးနောက် ဆီနီဂေါနိုင်ငံ ဒက်ကာမြို့လေဆိပ်သို့ ဆင်းသက်ခဲ့ရ ခြင်းဖြစ်ကြောင်း လေယာဉ်အမှုထမ်းတစ်ဦးက ပြောကြားသည်။

ယင်းလေယာဉ်ပေါ်တွင် အခန့်သင့်ပင် သားဖွားဆရာဝန်တစ်ဦးနှင့် သူနာပြုနှစ်ဦးတို့လိုက်ပါခဲ့ကြသဖြင့် ကလေးမီးဖွားမှုတွင်ကူညီကာ မွေးဖွားပေးခဲ့ကြခြင်းဖြစ်သည်။ ဒက်ကာမြို့အရောက်တွင် မိခင်ဖြစ်သူနှင့် ကလေးငယ်အား ဆေးဝါးကုသပေးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **(အပေါ်ဝဲပုံ)** **(အင်တာနက်)**

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

အမေရိကန်တွင် မတ်လအတွင်း၌ အလုပ်အကိုင်သစ် ၁၂၀၀၀၀ ဖော်ဆောင်ပေးနိုင် မျှော်မှန်းထားသည်ထက် နိမ့်ကျလျက်ရှိနေဆဲဖြစ်

ဝါရှင်တန် ဧပြီ ၉

အမေရိကန်နိုင်ငံ၏ စီးပွားရေးတွင် ပြီးခဲ့သည့်မတ်လအတွင်း အလုပ်အကိုင်သစ် ၁၂၀၀၀၀ ကိုဖော်ဆောင်ပေးနိုင်ခဲ့သော်လည်း အလုပ်လက်မဲ့နှုန်းထားမှာ အနည်းငယ်သာ ကျဆင်းခဲ့ပြီး ၈ ဒသမ ၂ ရာခိုင်နှုန်းရှိနေသဖြင့် ကြိုတင် မျှော်မှန်းထားသည်ကို ပြည့်မီခြင်းမရှိဘဲ နိမ့်ကျလျက်ပင်ရှိနေသည်။



ယခုနှစ်၏ ပထမလေးလအတွင်း အလုပ်အကိုင်ဖော်ဆောင်နိုင်မှု ၂၀၀၀၀၀ ကျော်ရှိရန် ကျွမ်းကျင်ပညာရှင်များက မျှော်မှန်းထားသည်။ နိုင်ငံ၏စီးပွားရေးနှင့် လုပ်ငန်း များ ဖော်ဆောင်ဖွံ့ဖြိုးမှုတို့သည် သမ္မတအိုဘားမား (ဝဲပုံ)၏ ရွေးကောက်ပွဲ အလားအလာအပေါ် အကျိုးသက်ရောက်စေမည့် အချိန်သမယလည်းဖြစ်သည်။

နိုင်ငံတွင်း၌ အလုပ်အကိုင်ရရှိမှုသည် ပြီးခဲ့သည့်ခြောက်လတာကာလအတွင်း တိုးတက်မှုရှိခဲ့သော်လည်း အလုပ်လက်မဲ့နှုန်းထားမှာ ၂၀၀၉ခုနှစ်အစောပိုင်းကတည်းက အတိုင်းပင် ၈ ရာခိုင်နှုန်းအထက်မှာပင်ရှိနေသေးသည်။ အလုပ်သမားရေးရာဌာန၏ အချက်အလက်များအရ ၂၀၁၁ ခုနှစ် အောက်တိုဘာလကစတင်ပြီး အလုပ်အကိုင် ဖွံ့ဖြိုးမှုသည် အနည်းငယ်မြင့်တက်မှုသာရှိသည်ကို ပြသလျက်ရှိသည်။

ထုတ်ကုန်လုပ်ငန်းများတွင်လည်း အစားအစာနှင့်အဖျော်ယမကာလုပ်ငန်း များနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ယခုနှစ်မတ်လ၌တိုးတက်မှု များရှိသော်လည်း လက်လီအရောင်းအဝယ်လုပ်ငန်းများမှာ နှေးကွေးကျဆင်းနေဆဲ ဖြစ်သည်။

မတ်လအတွင်း အလုပ်လက်မဲ့နှုန်း မဆိုသလောက်ကျဆင်းမှုမှာ ရာသီမမှန် သည့် အအေးပေါ့သော ဆောင်းရာသီကြောင့်လည်းဖြစ်ကြောင်း၊ ယင်းရာသီအခြေ အနေကြောင့် အလုပ်အကိုင်ရှာဖွေမှု၊ ငှားရမ်းမှုများရှိလာရကာ အလုပ်အကိုင်ရရှိမှုများ ဖြစ်စေခဲ့ကြောင်း ကျွမ်းကျင်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းထားကို ၈ ဒသမ ၃ ရာခိုင်နှုန်းတွင် ထိန်းထားနိုင်မည်ဟု ကျွမ်းကျင်ပါရဂူများက မျှော်လင့်ထားသော်လည်း လတ်တလော ရင်ဆိုင်နေရဆဲအခြေအနေမှာ အလုပ်ရှာဖွေနေသူများတွင် အလုပ်ရရှိသွားသူဦးရေမှာ နည်းနေလျက်ရှိသည်။ **(အင်တာနက်)**

ဗြိတိန်ပြည်ထဲရေးဝန်ကြီးဌာန အစိုးရပိုင်ဝက်ဘ်ဆိုက် တိုက်ခိုက်ခံရ

လန်ဒန် ဧပြီ ၉

ဗြိတိန်နိုင်ငံ အစိုးရပိုင်ဝက်ဘ်ဆိုက်သည် အဖျက် အမှောင့် ဟက်ကာအုပ်စု Anonymous ၏ ဝင်ရောက် တိုက်ခိုက်ခံရသဖြင့် ဧပြီ ၈ ရက်က ဝက်ဘ်ဆိုက်စာမျက်နှာများ ပျောက်ဆုံးခဲ့ကာ နှောင့်ယှက်ဖျက်ဆီးမှုခံခဲ့ရကြောင်း အင်တာနက် သတင်းတစ်ရပ်တွင်ဖော်ပြသည်။

ဆက်လက်ကြုံတွေ့

ဗြိတိန်ပြည်ထဲရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်သည် ဧပြီ ၇ ရက် ညပိုင်းမှစတင်၍ ဟက်ကာအုပ်စု၏ တိုက်ခိုက် ခြင်းခံရကာ ဝက်ဘ်ဆိုက်စာမျက်နှာ ရှာမတွေ့ဟူသော သတိပေးဖော်ပြချက်ကို ဝင်ရောက်ကြည့်ရှုသူများတွေ့ရှိကြပြီး ယင်းပြဿနာသည် ဧပြီ ၈ ရက်အထိ ဆက်လက် ကြုံတွေ့ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

"အင်တာနက်အွန်လိုင်းတွင် ဆန့်ကျင်ကန့်ကွက်မှုများ လုပ်ဆောင်နေကြသည်ကို အထူးဂရုပြုသတိထားလျက်ရှိပါ တယ်"ဟု ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသော်လည်း သုံးသပ်ထင်မြင်ချက်ပေးရန်ကိုမူ ငြင်းဆန်သွားခဲ့သည်။ **(အမ်အင်န်အေရိုက်တာ)**

လက်လွှတ်လိုက်ရသည့်ဆိုမာလီမြို့များကို အယ်ရှာဘက်အုပ်စုက ပြန်သိမ်းမည်ဟု ပြောကြား

မိုဂါဒစ်ရှူး ဧပြီ ၉

ဆိုမာလီနိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းမှမြို့များကို မိမိတို့ပြန်လည်သိမ်းပိုက်မည်ဖြစ်ကြောင်း အယ်ရှာဘက်လက်နက်ကိုင်များက အခိုင်အမာပြောကြားလိုက်သည်။ **(အပေါ်ပုံ)**

နိုင်ငံတောင်ပိုင်း ဂဲဒိုဒေသ ဘာဒီရာမြို့ လူထုအစည်းအဝေးတစ်ခုတွင် အယ်ရှာဘက် လက်နက်ကိုင်အုပ်စု ပြောရေးဆိုခွင့်ရှိသူ ရှိတ်အလီမိုဟာမက်က ဧပြီ ၇ ရက်တွင် ပြောကြားသည်။

မကြာမီကာလအတွင်းတွင် မိမိတို့ထံမှ မြို့ကြီးများကို သူတို့သိမ်းပိုက်လိုက်ခြင်းကြောင့် စိတ်ဓာတ် မကျကြရန်နှင့် ရေရှည်တွင် မိမိတို့ကအောင်ပွဲခံ အနိုင်ရမှာသေချာကြောင်း ရှိတ်အလီမိုဟာမက်က ပြောကြားသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနိုင်ငံလေဆိပ်တစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

ဂျကာတာ ဧပြီ ၉

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါပြည်နယ် အတွင်းရှိ လေဆိပ်တွင် ဧပြီ ၈ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာတွင် လူ တစ်ဦးသေဆုံးခဲ့ကြောင်း အကယ်လန်း မြို့မှ ရဲအရာရှိတစ်ဦးက ဆင်ဟွာ သတင်းဌာနတွင် ပြောကြားသည်။

"ထိုနေ့နံနက်ပိုင်းက လေဆိပ်၌ ပစ်ခတ်မှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံး ခဲ့တဲ့သတင်းဟာ အမှန်ပါပဲ" ဟုအင်ဒို နီးရှားအမျိုးသားရဲဌာန ပြည်သူ့ဆက်ဆံ ရေးဌာနစိတ် အကြီးအကဲထောက် လှမ်းရေးမှူးချုပ် ဆော့ဒ်ဘူစမန်းနက်ခ် ဘူရှန်က အတည်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် နက်စ်ဘူရှန်းက လေဆိပ်၌ ပစ်ခတ်မှုကျူးလွန်သွားသည့် တရားခံကို ဒေသခံရဲများက အပူ တပြင်း လိုက်လံဖမ်းဆီးနေကြောင်း၊ အဆိုပါ လေဆိပ်ပစ်ခတ်မှု၏ ဇာစ်မြစ် ကို သေချာစွာလည်း မသိရသေးပါ ကြောင်း ဖြည့်စွက်ပြောကြားသွား သည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားသည်မှာ ပါပူဝါပြည်နယ်အတွင်းရှိ ပန်ကတ်စ် ဂျာရာဒေသရှိ မူလီယာလေဆိပ်တွင်ဖြစ် သည်။ **(အောက်ပုံ)**

အခင်းဖြစ်ပြီးနောက် ယခုအချိန် ထိ ထိုလေဆိပ်ကို ပိတ်ထားဆဲဖြစ် ကြောင်း၊ ထရီဂါနာလေကြောင်းလုပ်ငန်း ပိုင် လေယာဉ်ငယ်တစ်စင်းပေါ်တွင် အဆိုပါသေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြ ထားသည်။

ဆက်လက်ဖော်ပြ

ဒေသစံတော်ချိန် နံနက် ၈ နာရီ ၂၁ မိနစ်ခန့်က အဆိုပါလေယာဉ်ငယ် ဆင်းသက်ခဲ့ပြီး မရွေ့မနှောင်းတွင် သေနတ်ပစ်ခတ်မှု ပေါ်ပေါက်ကြောင်း၊ ပစ်ခတ် သေဆုံးခံရသူမှာ ပါပူဝါပို့စ် သတင်းစာမှ သတင်းထောက်တစ်ဦး ဖြစ်ပြီး ယင်းပစ်ခတ်မှု၌ ဒဏ်ရာရသူ လေးဦးရှိခဲ့ကြောင်း သတင်းတွင်ဆက်လက် ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်၌ဘတ်စ်ကားတစ်စီး လမ်းချော်ပြီး မြောင်းထဲထိုးကျ ခရီးသည် ၁၄ ဦး သေဆုံး

ပေကျင်း ဧပြီ ၉

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်တွင် ဘတ်စ်ကား တစ်စီး လမ်းချော်ကာ မြောင်းထဲထိုးကျ သဖြင့် ၁၄ ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာ ရရှိသွားသည်။ ပေကျင်းမြို့တော် အရှေ့ဘက် ကီလိုမီတာ ၄၄၀ အကွာ တာ့လျံဆိပ်ကမ်းမြို့အနီး၌ ဧပြီ ၇ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၂၂ မိနစ်ကဖြစ်ပွားသည့် ဘတ်စ်ကား တိမ်းမှောက်မှုမှာ ယာဉ်မောင်းက အရှိန် မထိန်းနိုင်တော့သဖြင့် ဘတ်စ်ကား မြောင်းထဲကျသွားရခြင်း ဖြစ်သည်ဟု ဒေသခံအာဏာပိုင်များက ပြောကြား သည်။

ဘတ်စ်ကားတိမ်းမှောက်စဉ် ကား ပေါ်တွင် ခရီးသည် ၂၅ ဦးလိုက်ပါ လာသည်ဟုသိရသည်။ ယခုအခါ ဘတ်စ်ကားတိမ်းမှောက်မှုနှင့်စပ်လျဉ်း၍ အသေးစိတ် စုံစမ်းစစ်ဆေးလျက်ရှိ သည်ဆို၏။ **(အင်တာနက်)**

နိုင်ငံတကာသတင်းသုတ

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌသစ် မည်သူဖြစ်လာမည်နည်း

သတင်းမှတ်စု - တိုး

ကမ္ဘာ့ဘဏ်အဆောက်အအုံကို ဤသို့တွေ့ရသည်။

အရေးပါသော ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကမ္ဘာ့ဘဏ်၏ လက်ရှိဥက္ကဋ္ဌ ရောဘတ်ဇိုလစ်မှာ လာမည့်ဇွန်လကုန်တွင် ရာထူးသက်တမ်းကုန် သဖြင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ်မှ နေရာဖယ်ပေးရတော့မည်ဖြစ်သည်။

ကမ္ဘာ့ဘဏ်သည် အမေရိကန်နိုင်ငံ၌ အခြေစိုက်သည်ကတစ်ကြောင်း၊ ငွေကြေးထည့်ဝင်မှု ပမာဏကြီးမားသည့် အမေရိကန်နိုင်ငံ၏ ဩဇာအရလည်း ကောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌရာထူးကို အမေရိကန်က အပိုင်စီးရယူခဲ့သည်မှာ စတင် ဖွဲ့စည်းကတည်းက ယနေ့တိုင်ဖြစ်သည်။

ရပ်တည်နေ

အဖွဲ့ဝင် ၁၈၇-နိုင်ငံပါဝင်သည့် ကမ္ဘာ့ဘဏ်သည် ငွေရေးကြေးရေးဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်ပြီး ဆင်းရဲမှုလျှော့ပါးကျဆင်းရေး၊ ဖွံ့ဖြိုးတိုးတက်မှု ထောက်ကူရေးတို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ငွေကြေးထုတ်ချေးလျက်ရှိသည့် အတွက်ကြောင့်လည်း အရေးပါသော အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နေခြင်း ဖြစ်သည်။

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရာထူးကို အမေရိကန်က ရယူပြီး နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) အကြီးအကဲရာထူးကို ဥရောပသမဂ္ဂ (အီးယူ) ကရယူသည်မှာ အစဉ်အလာတစ်ရပ်ပင်ဖြစ်နေပါပြီ။

သို့သော် ယခုတစ်ကြိမ် ထူးခြားသည်မှာ အမေရိကန်ကို ထိုကမ္ဘာ့ဘဏ် ရာထူးအတွက် စိန်ခေါ်လာခြင်းပင်ဖြစ်သည်။ အိုင်အမ်အက်ဖ် အကြီးအကဲ ရာထူး အတွက်မူ မအောင်မြင်သော်လည်း စိန်ခေါ်မှုအကြိမ်ကြိမ်ကြုံခဲ့သည် မဟုတ်ပါလား။

အမည်စာရင်းတင်သွင်း

ဒုတိယကမ္ဘာစစ်ကြီးအပြီး ဝါရှင်တန်၌အခြေစိုက်သည့် ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌ ရာထူးအတွက် စိန်ခေါ် အမည်စာရင်းတင်သွင်းခံရသူ နှစ်ဦးမှာ နိုင်ဂျီးရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဘဏ္ဍာရေးဝန်ကြီး အင်ဂိုဇီအိုကွန်ဂျို အိုင်ဝီးလားဖြစ်သည်။ သူမကို တောင်အာဖရိကနိုင်ငံက ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌ ရာထူး အတွက် အမည်စာရင်းတင်သွင်းသည်။ နောက်တစ်ဦးမှာ ကိုလံဘီယာ တက္ကသိုလ် ပါမောက္ခ ဟိုဆေးအင်တိုနီယိုအိုကမ်ပိုဖြစ်ပြီး သူ့ကို ဘရာဇီးနိုင်ငံက အမည် စာရင်းတင်သွင်းခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌရာထူးအတွက် အမေရိကန်သမ္မတအိုဘားမားကိုယ်တိုင် အမည်စာရင်း တင်သွင်းခံရသူမှာ ဒေါက်တာ ဂျင်ယုန်ကင်ဖြစ်သည်။ ဒေါက်တာ ကင်မှာ အမေရိကန်နိုင်ငံသား ကိုရီးယားလူမျိုး သမားတော်တစ်ဦးဖြစ်သည်။ အသက် ၅၂နှစ်အရွယ် သားနှစ်ဦးဖခင် ဒေါက်တာကင်ကို ဆိုးလ်မြို့တော် (တောင်ကိုရီးယား)၌ မွေးဖွားပြီး အသက် ငါးနှစ်အရွယ်တွင် မိသားစုနှင့်အတူ အမေရိကန်နိုင်ငံသို့ရောက်လာပြီး အိုင်အိုဝါပြည်နယ် မတ်စကက်တင်း၌ ကြီးပြင်း ခဲ့သူဖြစ်သည်။

၁၉၉၁ ခုနှစ်တွင် ဆေးပညာဘွဲ့ရပြီး ၁၉၉၃ ခုနှစ်တွင် မနုဿဗေဒ ပါရဂူဘွဲ့ယူခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏ အိတ်ချ်အိုင် ဗွီ/အေအိုင်ဒီအက်စ်ဌာန ညွှန်ကြားရေးမှူးအဖြစ် နှစ်ပေါင်းအတန်ကြာ တာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။

လူတွေ့စစ်ဆေး

ဖော်ပြပါသုံးဦးအား ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌလောင်းများအဖြစ် အမည်စာရင်း တင်သွင်းမှု လုပ်ငန်းပြီးစီးသောအခါ အမည်စာရင်းတင်သွင်းခံရသူသုံးဦးအား ကမ္ဘာ့ဘဏ်၏ အဖွဲ့ဝင် ၂၅ ဦးပါဝင်သည့် အုပ်ချုပ်ရေးဘုတ်အဖွဲ့က ဆန်ခါတင် ရွေးချယ်မည်ဖြစ်သည်။ ထိုသို့ ဆန်ခါတင်ရွေးချယ်ရန်အတွက် ဝါရှင်တန်(ဒီစီ)တွင် တစ်ဦးချင်း လူတွေ့စစ်ဆေးရသည်။

ယခု ဧပြီလကုန်၌ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) နှင့် ကမ္ဘာ့ဘဏ်တို့ နွေဦးပေါက်အစည်းအဝေးများတွင် ကမ္ဘာ့ဘဏ်က လစ်လပ် ဘဏ် ဥက္ကဋ္ဌရာထူးကို ဖြည့်ပေးရန်အစီအစဉ်ရှိသည်။

ထို့ကြောင့် ဇွန်လကုန်တွင် ဥက္ကဋ္ဌရာထူးမှ ဖယ်ပေးမည့် လက်ရှိကမ္ဘာ့ဘဏ် ဥက္ကဋ္ဌ ရောဘတ်ဇိုလစ်၏ နေရာကို အစဉ်အလာအတိုင်း သမ္မတအိုဘားမား အမည်စာရင်းတင်သွင်းသည့် ဒေါက်တာကင်ပဲ ဆက်ခံမည်လော၊ သို့တည်းမဟုတ် အစဉ်အလာကို တော်လှန်၍ ကျန်နှစ်ဦးအနက် တစ်ဦးဦးကပဲ ဆက်ခံမည်လောဆို သည်မှာ ကမ္ဘာ့ဘဏ်အုပ်ချုပ်ရေးဘုတ်အဖွဲ့၏ အဆုံးအဖြတ်ပေါ်တွင် မူတည်မည် ဖြစ်ပါကြောင်း။ ။ ***ကိုးကား-အင်တာနက်***

မြန်မာ့အလင်း

သင်္ကြန်အကြို အခန်းဆက် ဝတ္ထုရှည်

နှလုံးသားထဲက သင်္ကြန်

တက္ကသိုလ်မောင်သုလှိုင်

ယမန်နေ့ကအဆက်

တကယ်တော့ သင်္ကြန်နီးလာပြီဆိုတိုင်း ဒေါ်အိအိထွေး ရင်ခုန်ခဲ့ရသည်။ ခံစား၍ မကုန်နိုင်သော ကြည်နူးမှုအဟုန်တို့နှင့်အတူ လွမ်းဆွတ်ခဲ့ရသည်။

ဦးချစ်ဝေ(ခေါ်) ချစ်ခင်ပွန်း ကိုချစ်ဝေ ဆုံးပါးခဲ့သည်မှာ ငါးနှစ်ကျော်ပြီ။ လာမည့် သင်္ကြန်၊ သားတို့၏ သင်္ကြန်ကို ချစ်ခင်ပွန်း ကိုချစ်ဝေ မြင်စေချင်သည်။ ခံစားစေချင်သည်။

သို့ဆိုလျှင် ၁၉၇၀ ပြည့်လွန်နှစ်များက ဒေါ်အိအိထွေး (ခေါ်) အိအိထွေးနှင့် စန္ဒရားဆရာလေး ကိုချစ်ဝေတို့၏ နှလုံးသားထဲက သင်္ကြန်သည်လည်း ပြန်လည်နိုးထလာမည်မှာ အမှန်. . .။

ထိုစဉ်က ဦးချစ်ဝေသည် စန္ဒရားအတီးကောင်းသူဖြစ်သလို ဒေါ်အိအိထွေးကလည်း အဆိုနှင့် အကကောင်းသူဖြစ်သည်။ အနုပညာပါရမီဖြည့်ဖက်များအဖြစ် လိုက်ဖက်ညီလှသည်။

ယခု သားငယ်ပိုင်ထူးဝေ ရေးစပ်သီဆိုသော သင်္ကြန်သီချင်းတစ်ပုဒ်အတွက် လိုက်ဖက်မည့် အကပါရမီရှင်လေးတစ်ဦး လိုအပ်နေသည်။ အိမွန်ဆွေကို အနုပညာပါရမီဖြည့်ဖက်အဖြစ် ဒေါ်အိအိထွေး မြင်ချင်သည်။

ဒီအကြောင်းတွေ တွေးလိုက်တိုင်း ဦးချစ်ဝေကို ဒေါ်အိအိထွေး သတိရသည်။ အချိန်ကတော့ ကြာခဲ့ပြီပေါ့။ အနှစ် ၃၀ ကျော်ဆိုသည်မှာ နည်းမှမနည်းတော့ပေပဲ။ သို့ပေမယ့် "မနေ့ တစ်နေ့ကလိုပဲလား ကိုချစ်ဝေရယ်"ဟု တမ်းတရလောက်အောင် ဒေါ်အိအိထွေး လွမ်းဆွတ်နေမိသည်။

"သင်္ကြန်ကျတော့မယ် ကိုချစ်ဝေရယ်"

xxxxxxxx

လွန်ခဲ့သော အနှစ် ၃၀ ကျော်ကာလ. . .။

အနီးစပ်ဆုံးပြောရရင် ၁၉၇၅ ခုနှစ် ဝန်းကျင်ကပေါ့. . .။

အိအိထွေးက ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်က သတ္တဗေဒအထူးပြု ကျောင်းသူ. . .။ ကိုချစ်ဝေကတော့ သင်္ချာဘာသာရပ်ကျောင်းသား. . .။

အားလပ်ချိန်မှာတော့ ရန်ကုန်တက္ကသိုလ်၏ အနုပညာအသင်းမှာ ဆုံဖြစ်ကြမြဲ။

ပြောရလျှင် ဆုံစည်းပုံက ခပ်ဆန်းဆန်း။

အရင်ဦးဆုံးအနုပညာအသင်းကို ရောက်ရှိနေသူက အိအိထွေး။ စန္ဒရားအတီးသာမက အကမှာပါ ပိုင်နိုင်ကျွမ်းကျင်သူ အိအိထွေး၏ မြန်မာဆန်သောအလှကို သတိပြုမိရာမှ အနုပညာအသင်းကို ရောက်ရှိလာသူက ကိုချစ်ဝေ. . .။

ထိုစဉ်က စန္ဒရားအတီးအခန်းနှင့် ပတ္တလားအတီးအခန်းတို့ နံရံတစ်ချပ်သာခြားသည်။ အသင်းသားများအားလပ်ချိန်တွင် မိမိဝါသနာပါရာကို တီးဆို လေ့ကျင့်နိုင်သည်။ ကိုချစ်ဝေ စန္ဒရားဆရာမဖြစ်မီ အနုပညာအသင်းတွင် အသင်းဝင်အဖြစ် ပတ္တလားတီးခြင်းဖြင့် အစပျိုးသည်။

ထိုအချိန်က ကိုချစ်ဝေ တစ်ယောက် တကောက်ကောက် လိုက်နေသည်ကို အိအိထွေး သတိထားမိသည်။

အိအိထွေး စန္ဒရားလေ့ကျင့်နေစဉ် တစ်ဖက်ခန်းမှ သံစဉ် မညီမညာနှင့် ပတ္တလားခေါက်သံကြားရလေတိုင်း ကိုချစ်ဝေရောက်နေသည်ကို သတိထားမိသည်။

နောက်တော့ ဝါသနာကို အကြောင်းပြုလို့ ရင်းနှီးခဲ့ကြကာ စန္ဒရား အတီးလေ့ကျင့်ဖက်များဖြစ်သွားခဲ့ကြသည်။

ကျောင်းကပွဲများ၊ အသင်းနှစ်ပတ်လည်ပွဲများ၊ Fund Fair ဟု ခေါ်သည့် ရန်ပုံငွေပွဲများတွင် သူတို့နှစ်ဦး ပါဝင်ဆင်နွှဲဖြစ်ကြသည်။ ကိုချစ်ဝေက စန္ဒရားအတီး၊ တစ်ခါတစ်ရံ အိအိထွေးက အဆို၊ တစ်ခါတစ်ရံတော့လည်း အကနှင့် တွဲလျက်ပေါ့. . .။ ပျော်စရာ ကောင်းသည့် အနုပညာပွဲများကို အတူဆင်နွှဲခဲ့ကြသည်လေ. . .။

သူတို့တစ်တွေ၏ တက္ကသိုလ်နောက်ဆုံးနှစ်။

၁၉၇၇ ခုနှစ် ဧပြီလ သင်္ကြန်ပွဲကိုတော့ ပျဉ်းမနားမြို့နယ်က ရေဆင်းတက္ကသိုလ် နယ်မြေထဲမှာ ဆင်နွှဲဖြစ်ခဲ့ကြသည်လေ. . .။

ထိုနှစ်က တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေကို တည်ဆောက်ရေးလုပ်အားပေးစခန်းတွေ စေလွှတ်ခဲ့ရာမှာ သူတို့နှစ်ဦးပါဝင်ခဲ့ကြသည်လေ. . .။ နွေရာသီကျောင်းပိတ်ရက်ဖြစ်လေတော့ လုပ်အားပေးလိုက်ချင်သူတွေက များလှပေါ့. . .။ လူရွေးချယ်ရာမှာတော့ သူတို့နှစ်ဦးပါသွားခဲ့သည်။

ပြောချင်သည်က ရေဆင်းတက္ကသိုလ် တည်ဆောက်ရေး လုပ်အားပေးစခန်းမှ သင်္ကြန်ရက်များအကြောင်းပါ. . .။

နေ့ဘက်မှာ ရေဆင်းတက္ကသိုလ် တည်ဆောက်ရေး လုပ်အားတွေပေးပြီး ညဘက်မှာတော့ ခန်းမကျယ်ကြီးတစ်ခုထဲမှာ သင်္ကြန်ကပွဲအတွက် သီချင်းတိုက်၊ ဇာတ်တိုက်လုပ်ကြသည်လေ. . .။

ဒီအချိန်မှာတော့ ကိုချစ်ဝေ တစ်ယောက်က ကပွဲစီစဉ်သူ၊ ဇာတ်ဆရာ ဖြစ်နေခဲ့ပါပြီ။

ဒီကပွဲမှာ အများဆုံးတင်ဆက်ဖို့ စီစဉ်ဖြစ်သည်ကတော့ သင်္ကြန်အဆိုနှင့် သင်္ကြန်အကပေပဲပေါ့။

ကိုချစ်ဝေက စန္ဒရားအတီး၊ တစ်ခါတစ်ရံ အဆို။ အိအိထွေးက သင်္ကြန်အကနှင့် ဇာတ်တိုက်လို့၊ ပျော်လိုက်ကြသည်လေ။ အဲဒီအချိန်မှာတော့ သူတို့နှစ်ဦး သံယောဇဉ်တွေ တွယ်နေကြပါပြီ. .။

အဲ-ချစ်သူတွေတော့ မဟုတ်ကြသေးဘူးပေါ့. .။

အိအိထွေး မှတ်မိပါသေးသည်။ တစ်ညမှာ ကိုချစ်ဝေ တစ်ယောက် သင်္ကြန်ပွဲမှာ ဆိုကြ၊ ကကြမည့် ကျောင်းသား ကျောင်းသူတွေကို သီချင်းတိုက်ပေးနေတုန်း အားရှိသွားအောင်လို့ နွားနို့ပူပူနွေးနွေးလေး တစ်ခွက်ကို တိုက်လိုက်မိသည်။ ဒီတော့ ကိုချစ်ဝေက ဘာပြောလေသည် ထင်သနည်း. . .။

"အို-အိအိရယ်-ရင်ထဲမှာ အေးပြီး အမောပြေသွားတာပဲ"တဲ့. .။ ကြည့်ပါဦး။ နွားနို့ပူပူကို သောက်ပြီး ရင်ထဲမှာအေးသွားသည်တဲ့. .။ ဟုတ်ပေမှာပေါ့. .။ မေတ္တာရနံ့သင်းပျံ့တဲ့ နွားနို့ပူပူလေးဟာ ကိုချစ်ဝေအတွက်တော့ ရင်ထဲမှာ အေးမြခဲ့ရပြီပေါ့။ ဒါဟာ ချစ်ခြင်းရဲ့ အငွေ့အသက်တွေပဲလေ. . .။

အဲဒီနောက်တော့ ရေဆင်းတက္ကသိုလ်၏ သင်္ကြန်ညချမ်းမှာ သင်္ကြန်ကပွဲကို ဆင်နွှဲခဲ့ကြသည်။ ကိုချစ်ဝေ၏ စန္ဒရားအတီးနှင့် အိအိထွေး၏ သင်္ကြန်အကတို့ လိုက်ဖက်ညီလွန်းလို့ ပရိသတ်တွေက အားပေးလိုက်ကြသည်လေ. .။ "အတွဲညီတဲ့ သင်္ကြန်မောင်မယ်"တဲ့၊ သူတို့နှစ်ဦးကို ပရိသတ်က နာမည်ပေးလိုက်ကြတာ။ ဒီနှစ်သင်္ကြန်ကိုတော့ သူတို့နှစ်ဦး မမေ့နိုင်တော့ပါ။ သူတို့နှစ်ဦးအတွက်တော့ "နှလုံးသားထဲက သင်္ကြန်" ပဲလေ. . .။

အဲဒီညမှာပဲ အတွဲညီတဲ့ သင်္ကြန်မောင်မယ်နှစ်ဦး ချစ်သူတွေဖြစ်သွားကြသည်ပေါ့. . .။

ဖူးစာဖက်ဟူသည် တကယ်တော့ ပါရမီဖြည့်ဖက်ဖြစ်ဖို့လိုသည် မဟုတ်ပါလား. . .။

"အသွင်တူမှ အိမ်သူဖြစ်" ဟူသည့် စကားလည်းရှိခဲ့သည် မဟုတ်လား။

ဒေါ်အိအိထွေး တစ်ယောက် အတိတ်ကို ပြန်လည်တူးဆွရင်း စန္ဒရား ဆရာလေး ကိုချစ်ဝေကို သတိရနေသည်ကအမှန်။ အခုတော့ စန္ဒရားဆရာလေး ကိုချစ်ဝေ မရှိတော့ပြီ။ သူ့နေရာတွင် အနုပညာအမွေ ဆက်ခံသည့် သားငယ်ပိုင်ထူးဝေ ရောက်လာပြီ။ သူ့အတွက် အနုပညာပါရမီဖြည့်ဖက် လိုအပ်လာသည်။ ဒေါ်အိအိထွေး၏ ဆန္ဒအမှန်ကို ပြောရလျှင် သားငယ် ပိုင်ထူးဝေ၏ ပါရမီဖြည့်ဖက် ဖြစ်စေချင်သူမှာ အိမွန်ဆွေလေးကိုရယ်ပါ. . .။

xxxxxxxx

ဧပြီ ၉ ရက်။ တနင်္လာနေ့ . . .။

"နှလုံးသားထဲက သင်္ကြန်" သီချင်း ဆိုတီးက အသားသေနေပြီ။ ခပ်ကျဲကျဲ စည်းချက်များဖြင့် ဖွဲ့စည်းထားသော မန္တလေးဒိုး တီးကွက်များက အကနှင့် တွဲဖက်လိုက်လျှင် အလွန်ပင်ကြည့်၍ ကောင်းလှပေမည်။

"ကဲ. . . ဘယ်လိုလဲ ပိုင်ထူးဝေ။ သီချင်းအဆိုနဲ့ အတီးကတော့ အိုကေနေပြီ။ မင်းအမေပြောသလိုပဲ ကကွက်ဆန်းလေးနဲ့ မတွဲဖက်ရင်တော့ ပေါ့နေသလိုပဲ။ ငါ့စိတ်ထဲမှာ တစ်ခုခုလိုနေသလိုပဲကွာ. . .။"

ထူးထူးမောင်က ဝေဖန်သည်။

"ဟုတ်တယ် ပိုင်ထူးဝေ။ အကကောင်းကောင်း တစ်ယောက်တော့ သေချာရှာမှဖြစ်မယ်. . .။"

ဇော်မြင့်လွင်က ဝင်ရောက်ထောက်ခံသည်။

"ငါလည်း ရှာတာပဲ။ သီချင်းနဲ့ လိုက်ဖက်တဲ့သူ- ပြောရရင် ငါ့ရင်ထဲထိတဲ့သူ မတွေ့ဘူးကွာ. . .။"

ပိုင်ထူးဝေပြောအပြီးတွင် ထူးထူးမောင် ချက်ချင်းသတိရလိုက်ပြီး. . .။

"ဟာ. . . ပိုင်ထူးဝေ. . . အိမွန်ဆွေ. . . အိမွန်ဆွေရှိတယ်လေ. . .။ အချိန်မီသေးတယ်။ သူ့ကို အကသင်ပေးပြီး မင်းရဲ့ သီချင်းနဲ့ တွဲလိုက်ရအောင်. . ."

"ဟုတ်သားပဲကွာ။ မင်းမေမေက အကပိုင်တာပဲ။ မင်းအမေဆီမှာ သင်ပစေပေါ့. . .။"

ဇော်မြင့်လွင် အကြံပြုချက်ကို ပိုင်ထူးဝေလက်မခံ။ ခေါင်းကို ဖြည်းညင်းစွာခါရင်း-

"မင်းတို့ကလည်းကွာ. . . သူ့အနားမှာ ဒီသီချင်းကို ငါကိုယ်တိုင်ဆိုတီးနေတာပဲ။ ကချင်တယ်ဆိုတဲ့ စကားတစ်လုံးမှ ထွက်မလာဘူး။ ဒီသီချင်းမျိုးနဲ့ ကဖို့ဆိုတာ ရင်ထဲမှာ ခံစားမှုရှိမှ ကောင်းတာ။ ဖြစ်မယ်မထင်ဘူးကွာ။"

"ငါမရှင်းဘူး ပိုင်ထူးဝေရာ . . . ကွေ့မနေနဲ့ -ဒဲ့ပြော"

"ဒီလိုထူးထူးမောင်-ဒီသီချင်းက ငါ့နှလုံးသားထဲကလာတာ. . . အချစ်နဲ့ယှဉ်ပြီး ဒီသီချင်းဖြစ်လာတာ. . . ချစ်တဲ့သူအတွက် ရည်စူးပြီး စပ်ထားတဲ့ သီချင်း. . . နှလုံးသားနဲ့ ရေးပြီး နှလုံးသားနဲ့ ဆိုထားတဲ့ သီချင်း. . . သာမန် သီချင်းတစ်ပုဒ်တော့ မဟုတ်ဘူး"။

"ဒါဆို မင်းက ဘယ်သူ့ကို ရည်ရွယ်တာလဲ. . . ကွမ်းယာသည် ကုလားမကြီးကိုလား. ."

ထူးထူးမောင် ဝင်နှောက်သည်။

"ဟာ. . . မင်းတို့ကလည်း သိသားနဲ့ အိမွန်ဆွေအတွက်ပေါ့ကွာ. . . ဒါပေမယ့် သူက အနုပညာကို မခံစားတတ်ဘူး. . . ငါချစ်သလောက် ငါ့ကို ပြန်ချစ်ဖို့ ဝန်လေးနေပုံရတယ်. . . ငါချစ်ရေးဆိုခဲ့တာ ဘယ်နှခါရှိပြီလဲ. . . အခုလည်း ကြည့်လေ နှစ်ဆန်း တစ်ရက်နေ့မှ အဖြေပေးမယ်တဲ့။"

"ဒါက မင်းထင်တာကိုး. . . သူ မကတတ်လို့နေမှာပေါ့. . ."

ဇော်မြင့်လွင်က ချက်ချင်း ဝင်ထောက်သည်။

"မဟုတ်သေးဘူး ဇော်မြင့်လွင် ဒီသီချင်းဟာ ဆိုသူနဲ့ ကသူတို့ရဲ့ အပြန်အလှန် စိတ်ခံစားချက်ချင်း ဆက်နွှယ်နေတဲ့ သီချင်းမျိုး။ ဆိုတဲ့သူရဲ့ သီချင်းကို ကတဲ့သူက ခံစားနိုင်ရမယ်. . . ကတဲ့သူရဲ့ ကကွက်တွေကိုလည်း ဆိုတဲ့သူက ခံစားနိုင်ရမယ်လေ။"

သို့နှင့် ထူးထူးမောင် သတိရကာ. . .

"ငါအခုမှ သတိရတယ် ဟုတ်ပြီ. . . မင်းအစ်မ. . . မင်းအစ်မက အကဆရာမလေ. . . ကျွမ်းပြီးသားပဲ။ မနက်ဖြန်ဆို သူ ပြန်လာတော့မယ်. . . သူ့ကိုကခိုင်းရင် မကောင်းဘူးလား။"

"ဒုန်းဝေးလိုက်တာ ထူးထူးမောင်ရာ၊ သူ့သီချင်းနဲ့ကမယ့်သူဟာ သူ့ရဲ့ အနုပညာပါရမီဖြည့်ဖက်ပဲ ဖြစ်စေချင်နေတာ. . အိမွန်ဆွေကိုပဲ ကစေချင်နေတာ. ."

ဤသို့နှင့်ပင် ဇော်မြင့်လွင် ပြောလိုက်တော့မှ-

"တကယ်တော့ အိမွန်ဆွေကရော အနုပညာပါရမီဖြည့်ဖက်မှ ဖြစ်နိုင်ပါ့မလား" ဟူသော အမေးနှင့် အတွေးတို့ ပိုင်ထူးဝေရင်ထဲ တိုးဝင်လာခဲ့ပါတော့သည်။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့အလင်း

သင်္ကြန်အကြိုမြင်ကွင်းသတင်းပဒေသာ

သင်္ကြန်တွင်း တရားဘာဝနာအားထုတ်လိုသူများပြားလာ

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြို့အတွင်း သင်္ကြန်ကာလများတွင် တရားဓမ္မဖြင့် ဖြတ်သန်းလိုကြသည့်သူများအတွက် ယခုနှစ် ရန်ကုန်မြို့အတွင်း တရားစခန်းဓမ္မရိပ်သာပေါင်း ၈၀ ကျော် ဖွင့်လှစ်မည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။

"တရားစခန်းတွေမှာ သင်္ကြန်တွင်း အထူးတရားစခန်းဆိုပြီး လုပ်ပေးကြသလို နယ်ပယ်အသီးသီးကလည်း အဆင်ပြေရာရိပ်သာနဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ စုပေါင်းပြီး တရားစခန်းတွေ လုပ်လာကြပါတယ်။ ဒီနှစ်တော့ ရန်ကုန်တစ်မြို့လုံး အတိုင်းအတာနဲ့ တရားစခန်းတွေ ပိုမိုများပြားလာတာကို တွေ့ရတယ်"ဟု ခြောက်ထပ်ကြီးဘုရားအနီးရှိ ရွှေမင်းဝံသာသနာ့ရိပ်သာမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

တရားစခန်းများကို ရန်ကုန်မြို့ရှိ တရားရိပ်သာများဖြစ်ကြသော မဟာစည်သာသနာ့ရိပ်သာ၊ ချမ်းမြေ့ရိပ်သာ၊ ဖားအောက်ရိပ်သာ၊ မိုးကုတ်ဝိပဿနာကျောင်းများနှင့် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းများ၊ ကံ့ကော်မြိုင်သာသနာ့ရိပ်သာ၊ ရွှေမင်းဝံသာသနာ့ရိပ်သာ စသည့် နာမည်ကြီးတရားရိပ်သာများအပြင် လူပုဂ္ဂိုလ်သီးသန့် အလှူရှင်များကြီးမှူးကာ သင်္ကြန်တွင်း စုပေါင်းတရားစခန်းပွဲများကိုလည်း မြို့နယ်အလိုက် ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

သင်္ကြန်ရက်များအတွင်း အထူးတရားစခန်း ဝင်လိုသူများအနေဖြင့် မိမိဝင်လိုသည့် ရိပ်သာနှင့် တရားစခန်းဌာနများသို့သွားရောက်ကာ ကြိုတင်စာရင်းပေးသွင်းထားကြရန် လိုအပ်ပြီး ရိပ်သာအများစုမှာ ယောဂီအရေအတွက် ကန့်သတ်ထားခြင်းကြောင့် သင်္ကြန်ရက်နီးကပ်လာမှ သွားရောက်ပါက နေရာအခက်အခဲများ ရှိနိုင်ကြောင်း သိရှိရသည်။

"စုပေါင်းပြီး ဒုလ္လဘရဟန်းခံပွဲတွေ၊ သီလရှင်ဝတ်ပွဲတွေ၊ ဝိပဿနာအားထုတ်ပွဲတွေကိုလည်း အသင်းအဖွဲ့တွေနဲ့ အခြေခံပညာကျောင်းတွေက စုပေါင်းပြီး သင်္ကြန်တွင်းမှာ စီစဉ်ကြတာတွေလည်း ရှိပါတယ်။ အခုနှစ်တော့ ပညာရေး ဘော်ဒါဆောင်တွေကပါ စုပေါင်းပြီး သင်္ကြန်တွင်း တရားအားထုတ်ဖို့ အများဆုံး စာရင်းပေးထားကြတယ်" ဟု သာသနာ့ရိပ်သာများမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ခင်ရတနာ

သင်္ကြန်နှင့် မျက်နှာဖုံးများ

သင်္ကြန်မျက်နှာဖုံးများ

ရန်ကုန် ဧပြီ ၉

သင်္ကြန်ရက်များအတွင်း နေပူဒဏ်သက်သာစေရန်နှင့် သင်္ကြန်အပျော်တမ်းအသုံးပြုကြရန် မျက်နှာဖုံးများ ဈေးကွက်အတွင်း တွင်ကျယ်စွာ ရောင်းချလာကာ ဝယ်လိုအားမြင့်တက်လျက်ရှိကြောင်း အရောင်းဆိုင်များမှ သိရှိရသည်။

"သင်္ကြန်နီးလာရင် အများစုက ထိုင်းနိုင်ငံက မှာယူတင်သွင်းပြီး ရောင်းချလာကြတယ်။ ကုန်တိုက်တွေရော၊ ဈေးတွေနဲ့ စတိုးဆိုင်တွေမှာ အရောင်းရဆုံး သင်္ကြန်ကုန် ဖြစ်လာတယ်။ ယခုနှစ်အတွက် လူကြိုက်အများဆုံး ဒီဇိုင်းက Angry Birds မျက်နှာဖုံးနဲ့ အိုစမာဘင်လာဒင်မျက်နှာပါတဲ့ မျက်နှာဖုံးတွေဖြစ်ပြီး အရင်နှစ်တွေကလိုပဲ သရဲမျက်နှာဖုံးတွေကို လူငယ်အများစုက ဝယ်ယူကြတယ်" ဟု သင်္ကြန်ပစ္စည်းရောင်းချသူများက ပြောကြားသည်။

အဆိုပါ မျက်နှာဖုံးများကို ရန်ကုန် မြို့အတွင်း သင်္ကြန်အချိန်အခါများ၌သာ အများဆုံးရောင်းချကြပြီး ကျန်သည့်အချိန်များ၌ သုံးစွဲမှုမရှိသလောက် ရှားပါးသည်။ ယခုအချိန်အတွက် နိုင်ငံရပ်ခြားမှ သီးသန့်မှာယူတင်သွင်းထားကြရခြင်းဖြစ်ကြောင်း သိရှိရသည်။

"မျက်နှာဖုံးတပ်ထားတော့ နေပူလောင်တာကို ကာကွယ်နိုင်တယ်။ ရေအရှိန်နဲ့ ပက်တဲ့ဒဏ်ကိုလည်း ကာပြီးသားဖြစ်တယ်လေ။ ဒါပေမယ့် အမျိုးအစားများစွာထဲက ကွာလတီမကောင်းတာကို ရွေးမိရင်တော့ မျက်နှာဖုံးသားရေက မကောင်းတဲ့အတွက် အရေပြားတွေ ထိခိုက်တတ်လို့ အမျိုးအစားကောင်းတာကို ရွေးချယ်ပြီး တပ်ဆင်သင့်တယ်။ သင်္ကြန်ကား လည်ပတ်သူ၊ ရေပက်ခံထွက်တဲ့သူတွေ အများဆုံးတပ်ဆင်ကြပြီး အနုပညာရှင်အများစုလည်း သင်္ကြန်ရက်ဆိုရင် မျက်နှာဖုံးတွေ တပ်ဆင်ထားကြတယ်" ဟု မျက်နှာဖုံးဝယ်ယူသူတစ်ဦးက ပြောသည်။

ပြည်တွင်းဈေးကွက်အတွင်း မျက်နှာဖုံးများကို တွင်ကျယ်စွာ ရောင်းချလာပြီး တစ်ခုလျှင် ငွေကျပ်နှစ်ထောင်မှ အမျိုးအစားအလိုက် ကျပ်နှစ်သောင်းကျော်အထိ ဈေးမြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

သွန်းဝသန်

နေပြည်တော်(ဖြူ) ကျုံတနီးကျေးရွာတွင် ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၉ ရက်က ကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ စာကြည့်တိုက်မတည်အလှူရှင် မောင်ခင်မင်(နေဖြူ)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးနိုင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

အခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၊ ခုံရုံးများ

ပါမောက္ခ ဒေါက်တာတင်အောင်အေး

နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံအတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။ နိုင်ငံတည်မော်ကွန်းကြီးလည်းဖြစ်သည်။ နိုင်ငံ၏ ကြေးမုံပြင် "ကြည့်မှန်"လည်းဖြစ်သည်ဟု ပညာရှင်တို့ ဖော်ညွှန်းပြဆိုခဲ့ကြသည်။ ရှေးခေတ် နိုင်ငံရေးသိပ္ပံပညာရှင် "အရစ်တိုတယ် (Aristotle)"က "ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အုပ်ချုပ်သူအစိုးရများသို့ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းသည့် အခြေခံအကျဆုံး ဥပဒေဖြစ်သည်"ဟု ဖွင့်ဆိုခဲ့သည်။

ခေတ်သစ်နိုင်ငံရေးအခြေခံဥပဒေပညာရှင် "စီအက်ဖ်စထရောင်း (C.F Strong)ကမူ ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အစိုးရ၏ အာဏာများနှင့် ပြည်သူတို့၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို စုစည်းဖော်ပြထားသော အစိုးရနှင့် ပြည်သူအကြား ဆက်ဆံရေးကောင်းမွန်စေရန် ညှိနှိုင်းသတ်မှတ်ထားသော'မူ'များဖြစ်သည်" ဟုလည်းကောင်း၊ " ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ခွဲဝေကျင့်သုံးရန် နိုင်ငံတော်ကို မည်သည့်အဖွဲ့အစည်းများဖြင့် မည်သို့ဖွဲ့စည်းတည်ဆောက်မည်။ ထိုအဖွဲ့အစည်းများသို့ မည်သည့်အာဏာများ အပ်နှင်းမည်။ ယင်းတို့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အာဏာအရ မည်သို့ကျင့်သုံးမည်--- စသည်ပါရှိသော နိုင်ငံနှင့် ပြည်သူတို့ချုပ်ဆိုထားသည့် သဘောတူစာချုပ်ကြီးဖြစ်သည်"ဟု ဖွင့်ဆိုရှင်းလင်းခဲ့သည်။

"လော့ဒ်ဘရိုက်စ်" (Lord Bryce) ကမူ "ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အဖွဲ့အစည်း (အမြဲတမ်း Permanent institution)များအား ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်နှင့် တိကျသောလုပ်ပိုင်ခွင့်အာဏာကို ဥပဒေဖြင့် အပ်နှင်းဖော်ဆောင်ရသည့် နိုင်ငံရေးအဖွဲ့အစည်း၏ ဖွဲ့စည်းတည်ဆောက်မှုပုံစံ၊ အစီအမံတစ်ရပ်ဖြစ်သည်" ဟု ပြဆိုခဲ့သည်။

မျက်မှောက်ခေတ် နိုင်ငံရေးသိပ္ပံပညာရှင်များ၊ ဥပဒေပညာရှင်များကမူ--- အခြေခံဥပဒေတစ်ခု၏ အရေးပါသော အချက်မှာ------"နိုင်ငံတော်အာဏာကို ပိုင်းခြား ခွဲဝေကျင့်သုံးခြင်းမူသဘောတရားနှင့် ယင်းတို့အချင်းချင်း အပြန်အလှန် ထိန်းကျောင်းသည့်စနစ်ကို ကျင့်သုံးဖော်ဆောင်ရေးဖြစ်သည်"ဟု ဖော်ညွှန်းခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတော်အာဏာကို ပိုင်းခြားခွဲဝေ ကျင့်သုံးခြင်းနှင့် အပြန်အလှန်ကြပ်မတ်ထိန်းကျောင်းသည့် ဥပဒေမူသဘောတရား (Doctrine of Seperation of Power and the Principle of Check and balance) ဖော်ဆောင်သည့် အခြေခံဥပဒေစနစ်တစ်ရပ်ကို စတင်ကျင့်သုံးခဲ့သော ရှေးအကျဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ တရားလွှတ်တော်ချုပ်သည် (Supreme Court of the United States) အခြေခံဥပဒေနှင့် ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပိုင်ခွင့်အာဏာရှိပြီး အခြေခံဥပဒေနှင့်မညီသော ပြုလုပ်မှုတို့ကို အဆုံးအဖြတ်ပြုသည်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံတွင် ၁၉၄၇ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ" မြန်မာနိုင်ငံ တရားလွှတ်တော်ချုပ်သည်လည်း အခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပိုင်ခွင့် အာဏာအပ်နှင်းခြင်းခံရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ အငြင်းပွားမှုနှင့် အခြေခံဥပဒေနှင့်မညီသော ပြုလုပ်မှုတို့ကို အဆုံးအဖြတ်ပြုခဲ့သည်။

ဆိုရှယ်လစ်စနစ်ကျင့်သုံးသော ဆိုရှယ်လစ်နိုင်ငံတော်များ၏ အခြေခံဥပဒေစနစ်တွင် ဆိုရှယ်လစ်ဥပဒေရေးရာမူသည်(က)နိုင်ငံတော်အာဏာကို ပိုင်းခြားခွဲဝေကျင့်သုံးသည့်စနစ်ကို လက်မခံ၊ ငြင်းပယ်သည်။ (ခ) နိုင်ငံတော်အာဏာကို တပေါင်းတစည်းတည်း ထားရှိသည့်မူကို ကျင့်သုံးသည်။ (The Principle of Socialist Legality (a) rejects the doctrine of seperation of Power;and (b)accepts the Principle of Unified Power.)

ဥပမာ(၁) တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော "အမျိုးသားပြည်သူ့ကွန်ဂရက်သည် နိုင်ငံ၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်ကြောင်း--- ဗဟိုပြည်သူ့အစိုးရနှင့် ပြည်သူ့တရားလွှတ်တော်ချုပ်တို့သည် "**အမျိုးသားပြည်သူ့ကွန်ဂရက်**"ကို တာဝန်ခံရမည်ဖြစ်ကြောင်း၊ '**ကွန်ဂရက်**'အစည်းအဝေးကျင်းပသည့်ကာလမဟုတ်လျှင် 'အမျိုးသားပြည်သူ့ကွန်ဂရက်၏ **အမြဲတမ်းကော်မတီ** (The Standing Committee of the National People's Congress) ကို တာဝန်ခံရမည်ဟုလည်းကောင်း၊ ထို '**အမြဲတမ်းကော်မတီ**'သည် ဗဟိုအစိုးရအုပ်ချုပ်ရေးနှင့် ပြည်သူ့တရားစီရင်ရေးကို ကြီးကြပ်ကွပ်ကဲရမည်ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည်ဟုလည်းကောင်း အခြေခံဥပဒေတွင် အာဏာများအပ်နှင်း ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည်ကို တွေ့ရပေမည်။

ဥပမာ(၂) ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၊ ၄၄၊ ၂၀၁ နှင့် ၂၀၀(ဂ)တို့တွင် "ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်ကြောင်း -----ဥပဒေပြုမှုအာဏာကို ပြည်သူ့လွှတ်တော်၌သာ အပ်နှင်းကြောင်း၊ ---ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနက်အဓိပ္ပာယ်ကို ပြည်သူ့လွှတ်တော်ကသာ ဖွင့်ဆိုနိုင်ကြောင်း၊ ---နိုင်ငံတော်ကောင်စီ၊ ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ကသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း---" ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ထို့ပြင် ပုဒ်မ ၇၃ ပုဒ်မခွဲ(ခ)နှင့်(ဃ)တို့အရ---ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ခုနှင့် တစ်ခုအကြား နိုင်ငံတော်၏ အမြင့်ဆုံးတာဝန်ထမ်းဆောင်ရသည့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးဆောင်သော '**နိုင်ငံတော်ကောင်စီ**'အား "ဖွဲ့စည်းပုံအခြေခံဥပဒေမှအပ အခြားဥပဒေများ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် (အာဏာ)"နှင့် "ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ဥပဒေနှင့်ကိုက်ညီခြင်းမရှိသော ဆုံးဖြတ်ချက်များ၊ အမိန့်များကိုပယ်ဖျက်ပိုင်ခွင့်" အာဏာများအပ်နှင်းပြဋ္ဌာန်းကျင့်သုံးခဲ့ကြောင်း တွေ့ရှိရမည် ဖြစ်သည်။

မျက်မှောက်ကမ္ဘာ၏ အဓိကဥပဒေစနစ်ကြီးတစ်ခုဖြစ်သော ဥရောပနိုင်ငံများက စတင်ကျင့်သုံးခဲ့သော ကိုဒ်ဥပဒေ/ပြဋ္ဌာန်းဥပဒေစနစ် (Code Law System)"တစ်နည်း" ဆီဗီလ်ဥပဒေစနစ် (Civil Law System)တွင်မူ. . "ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဥပဒေပြုလွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည်လည်းကောင်း၊ နိုင်ငံအစိုးရ၊ အာဏာပိုင်များ၏ ပြုလုပ်ဆောင်ရွက်ချက်များသည်လည်းကောင်း----"နိုင်ငံနှင့် ပြည်သူသဘောတူအတည်ပြုပြဋ္ဌာန်းထားသည့် တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း" စသည့် အခြေခံဥပဒေရေးရာ အငြင်းပွားပြဿနာများကို စီရင်ဆုံးဖြတ်နိုင်ရန် သမားရိုးကျရှိပြီး တရားလွှတ်တော်ချုပ်နှင့် အခြားတရားရုံးများ (Supreme Court and other Courts) အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတစ်ရုံး သီးခြားဖွဲ့စည်း တည်ထောင်၍ အခြေခံဥပဒေဆိုင်ရာ ပါလီမန်နိုင်ငံရေးကို တရားစီရင်ရေးနည်းလမ်း (Judicialization of Constitutional Parliamentary Politics)ဖြင့် ပါမောက္ခ ဒေါက်တာ ဟန်း(န်) ကယ်(လ်)စင် (၁၈၈၁-၁၉၇၃) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ အတွေး၊ အမြင်၊ သီဝရီ ဥပဒေမူ သဘောတရား (Constitutional Doctrine of the "Constitutional Court" and the "Constitutional review "of the constitutionality of the acts of legislative and executive powers)ကို လက်တွေ့အကောင်အထည်ဖော်ခဲ့ကြသည်မှာ နှစ်ပေါင်းရှစ်ဆယ်မက ကြာခဲ့ပြီဖြစ်သည်။

ပါမောက္ခ ကယ်(လ်)စင်၏ သီဝရီနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားစီရင်ရေးစနစ်သည် နိုင်ငံတော်အာဏာကို ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းမူများ (Doctrine of Seperation of Power and the Principle of Check and balance) အပါအဝင် ဥပဒေစိုးမိုးရေးမူကိုလည်း ပံ့ပိုးထောက်ကူလျက် အချုပ်အခြာအာဏာကို အခြေခံဥပဒေနှင့်အညီ ပိုင်းခြားခွဲဝေ ကျင့်သုံးကြသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ အာဏာပိုင်အဖွဲ့အစည်းများသည် မိမိတို့အား အပ်နှင်းထားသောလုပ်ငန်းတာဝန်များကို ဖော်ဆောင်ရာတွင် တစ်ဖက်စောင်းနင်းမဖြစ်စေဘဲ ဟန်ချက်ညီညီ အခြေခံဥပဒေနှင့်အညီသာ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် လုပ်ကိုင်ဆောင်ရွက်ကြရေးဖြစ်သည်။ ဆိုလိုသည်မှာ ---ဥပဒေပြုသူတို့က အခြေခံဥပဒေနှင့်မညီသောဥပဒေများ မပြုလုပ်ရေးနှင့် အုပ်ချုပ်သူတို့ကလည်း အခြေခံဥပဒေနှင့်ဆန့်ကျင်သော အဆုံးအဖြတ်များ မပြုလုပ်ကြရေး ဖြစ်သည်။ "ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကြီးစိုးလွှမ်းမိုးမှု" (Supremacy of Constitution) ဟူသော ဥပဒေမူသဘောတရားကိုလည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းဖြစ်သည်။

ပါမောက္ခ ကယ်(လ်)စင်၏ သီဝရီအရ ကယ်(လ်)စင်တရားရုံးပုံစံ (The Kelsenian Court model)ဖြင့် တည်ထောင်သော အခြေခံဥပဒေဆိုင်ရာ "**သီးသန့်တရားရုံး**"သည် အခြေခံဥပဒေကို အနက်အဓိပ္ပာယ်ကိုဖွင့်ဆိုပိုင်ခွင့်အာဏာအပ်နှင်းခြင်းခံရလျက် တရားစီရင်ရေးစနစ်အတွင်းတွင် အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ(Constitutional disputes)ကို အဓိကတာဝန်ယူစိစစ်စီရင်ဆုံးဖြတ်သည်။ ထိုပုံစံကို ၁၉၂၀ ပြည့်နှစ် ဩစတြီးယား'ပထမ'သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (The First Republic of the Austrian Constitution, 1920)တွင် စတင်ပြဋ္ဌာန်းအသုံးပြုခဲ့သည်။ ပါမောက္ခကယ်(လ်)စင်လည်း ဩစတြီးယားဝန်ကြီးချုပ် (Chancellor, Karl Renner)၏ တာဝန်ပေးအပ်ချက်အရ ၁၉၃၀ ပြည့်နှစ်အထိ ထိုအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် တာဝန်ထမ်းခဲ့သည်။ ထိုမှနောက်၌ ဂျာမနီ၊ အီတလီ၊ စပိန်၊ ပေါ်တူဂီနိုင်ငံများနှင့် ဥရောပအလယ်ပိုင်းနိုင်ငံများလည်း ကယ်(လ်)စင် တရားရုံးပုံစံနှင့် အခြေခံဥပဒေဆိုင်ရာတရားရုံးစနစ်ကို ကျင့်သုံးဖော်ဆောင်ခဲ့ကြသည်။

၁၉၉၀-၁၉၉၃ ခုနှစ်များ. . . လွန်လေသော်. . .

(က) အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများအားလုံးသည်လည်းကောင်း-

(ခ) ယခင်"ယူဂိုစလားဗီးယား ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ" သည် ၁၉၉၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် ပြိုကွဲ၍ ပေါ်ပေါက်လာသည့် ဒီမိုကရေစီနိုင်ငံသစ်များဖြစ်သော " Bosnia and Harzegovina; Croatia; Macedonia; Montenegro; Serbia; Slovenia" နိုင်ငံခြောက်နိုင်ငံသည်လည်းကောင်း-

(ဂ) ယခင် "ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံများ" (USSR) သည် ပြိုကွဲ၍ ၁၉၉၁ ခုနှစ်တွင် ဒီမိုကရေစီနိုင်ငံသစ်များအဖြစ် တည်ထောင်ခဲ့သော ၁၅ နိုင်ငံအနက် " Turkmenistan" နိုင်ငံမှအပ "Armenia; Azerbaijan; Belaru; Estonia; Georgia; Kazakhstan; Kyrgyzstan; Lavia; Lithuania; Moldova; Russia; Tajikistan; Ukraine; Uzbekistan" နိုင်ငံ ၁၄ နိုင်ငံသည်လည်းကောင်း-

(ဃ) ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ယခင် "**ချက်ကိုစလိုဗက်ကီးယား** ဆိုရှယ်လစ်သမ္မတနိုင်ငံ" ကို "ချက်သမ္မတနိုင်ငံ" နှင့် "စလိုဗက်ကီးယားသမ္မတနိုင်ငံ"ဟူ၍ ပိုင်းခြားတည်ထောင်ခဲ့သည့် ဒီမိုကရေစီနိုင်ငံသစ်နှစ်ခုသည်လည်းကောင်း-

(င) အရှေ့တောင်အာရှ ၁၀ နိုင်ငံမှ "ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် မြန်မာ"နိုင်ငံတို့သည်လည်းကောင်း၊ ယခုအခါ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် အာရှ၊ အာဖရိက၊ လက်တင်အမေရိကနိုင်ငံများအပါအဝင်(အင်္ဂလိပ်၊ အမေရိကန်ဥပဒေစနစ်ကျင့်သုံးသောနိုင်ငံများ' Common Law Countries'မပါ၊ ဆိုရှယ်လစ်စနစ်ကျင့်သုံးသော နိုင်ငံများမပါ) ယနေ့ မျက်မှောက်ကမ္ဘာ၏ နိုင်ငံပေါင်း ၇၀ ကျော်သည် မိမိတို့မဲဆန္ဒပေး၍ အတည်ပြုထားသော"နိုင်ငံနှင့် ပြည်သူ့သဘောတူချုပ်ဆိုထားသည့် စာချုပ်ကြီး" ဖြစ်သော"နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ"ကို ကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် အာမခံနိုင်ရေးတို့အတွက်လည်းကောင်း၊ အခြေခံဥပဒေအရဖွဲ့စည်းသည့် အာဏာပိုင်အဖွဲ့အစည်းများကလည်း အခြေခံဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရေးအတွက် ကယ်(လ်)စင်တရားရုံးပုံစံကိုအခြေခံ၍ ဖွံ့ဖြိုးလာသော ခေတ်သစ်ဥရောပ အခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးပုံစံ (modern European model of Constitutional review)ကို မိမိတို့ နိုင်ငံ၏သမိုင်းပေးလိုအပ်ချက်နှင့်အညီ "အခြေခံဥပဒေဆိုင်ရာတရားရုံး၊ ခုံရုံး၊ ကောင်စီများ (Constitutional Court/ Tribunal/Council)" ဖွဲ့စည်းတည်ထောင် အကောင်အထည်ဖော်လျက်ရှိကြကြောင်း လေ့လာရရှိပေသည်။ ။

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၉-၄-၂၀၁၂

ကိုလင်း-စုစည်းသည်

ဒေါက်တာချစ်၏ သီးနှံဈေးကွက်တိုးချဲ့ဖို့ တာရှည်ခံအောင် လုပ်ကြစို့ စာအုပ်ထွက်ရှိ

စာရေးသူ ဒေါက်တာချစ်(ထပ်ဆင့် အမျိုးသားစာပေဆုရ)၏ "သီးနှံဈေးကွက်တိုးချဲ့ဖို့ တာရှည်ခံအောင် လုပ်ကြစို့" စာအုပ်ကို မုဒုံစာပေ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

စာရေးသူက မြန်မာနိုင်ငံတွင် ဒေသအလိုက်ဖြစ်စေ၊ ရာသီအလိုက်ဖြစ်စေ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ မလုံမလောက်ဖြစ်ပြီး ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို စားသုံးသူများခံကြရကြောင်း၊ သီးနှံများပေါ်ချိန်တွင်လည်း စားသုံးမှုထက်ပိုလျှံ၍ ဈေးနှုန်းကျဆင်းခြင်း၊ အလေအလွင့်ဖြစ်ခြင်း၊ ပျက်စီးဆုံးရှုံးခြင်းဒဏ်ကို တောင်သူလယ်သမားနှင့် ကုန်သည်ပွဲစားတို့ ခံကြရပြန်ကြောင်း၊ စားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရာတွင် ဒေသဖူလုံရေးသာမဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက်ပါ စဉ်းစားရန်လိုအပ်ကြောင်း။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးသူ တောင်သူများသည် နေ့အခါ လယ်ယာမြေတွင် အလုပ်လုပ်ကိုင်ကြပြီး ညအချိန်တွင် တာရှည်ခံအောင်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်များရရှိပြီး ဝင်ငွေပါတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် စိုက်ပျိုးထုတ်လုပ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ပေါ်များပြီး ဈေးနှုန်းကျဆင်းမှုဒဏ်နှင့် အလေအလွင့်ပျက်စီးဆုံးရှုံးမှုဒဏ်တို့မှ လွတ်ကင်းမည်ဖြစ်သဖြင့် တာရှည်ခံလုပ်နည်း စာအုပ်ကို ရေးသားပြုစုရခြင်းဖြစ်ကြောင်းဖြင့် ၎င်း၏စေတနာကို ထင်ဟပ်ပြသထားသည်။

ယင်းစာအုပ်တွင် ဆွတ်ခူးရိတ်သိမ်း အရည်အသွေးကိုထိန်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အခြောက်လှန်းခြင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို အအေးခန်းတွင်သိုလှောင်ခြင်း၊ ဟင်းသီးဟင်းရွက်အချဉ်တည်ခြင်း၊ သစ်သီးဝလံတာရှည်ခံစေဖို့ ပရိဆာဖွဲ့လုပ်ကြစို့စသည်ဖြင့် အခန်းခွဲများအလိုက် အသေးစိတ်ရှင်းလင်းရေးသားထားပြီး တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

လရောင်အောက်မှ အမေ့ခေတ်စမ်းစာနှင့် သမီး၏ အလွမ်းစာ စာအုပ်ဖြန့်ချိ

ခင်စောမူ-ခင်စောတင့်၏ လရောင်အောက်မှ အမေ့ခေတ်စမ်းစာနှင့်သမီး၏ အလွမ်းစာကို ဒုတိယအကြိမ် ရန်အောင်စာပေ(၂)က ဖြန့်ချိကြောင်း သိရသည်။

အမေဖြစ်သူ ဒေါ်ခင်စောမူ၏ ခေတ်စမ်းစာများကို သမီးဖြစ်သူ ခင်စောတင့်က ပြန်လည်စုစည်းပြီး သမီးဖြစ်သူ၏ အလွမ်းစာများကို ပါဝင်ဖြည့်စွက်ကာ ထုတ်ဝေလိုက်သော စာအုပ်ဖြစ်သည်။

စာအုပ်တွင် အမေခင်စောမူ၏ ငယ်ကချစ်၊ မီးခြစ်သည်ကလေး၊ စာမေးပွဲ၊ လူကလေးမိတ်ဆွေ၊ ပျားဘုရင်မ စသည့် စာစုများအပြင် သမီးခင်စောတင့်၏ လရောင်အောက်မှ အမေ့ခေတ်စမ်းစာ၊ အမေ့ခြေရာယူသောနေ့၊ ဘဝ၌ တန်ဖိုးရှိသောအရာများ စသည့် စာစုများပါဝင်သည်။ အဆိုပါစာအုပ်ကို ရန်အောင်စာပေ (၂) အခန်း(၂၀) ပထမထပ် အာရှပလာဇာ(ပထမထပ်) ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၉၅၆၂၉ မှ ငွေကျပ် ၁၃၀၀ နှုန်းဖြင့် ဖြန့်ချိသည်။

လွိုင်ကော်မြို့၌ စာပေဟောပြောပွဲကျင်းပ

နေပြည်တော် ဧပြီ ၉

ကယားပြည်နယ် လွိုင်ကော်မြို့ပေါ်ရှိ စာပေချစ်မြတ်နိုးသူ လူငယ်များ၏ ဦးဆောင်စီစဉ်မှုဖြင့် စာပေဟောပြောပွဲတစ်ရပ်ကို ဧပြီ ၄ ရက် ည ၇ နာရီမှ ၁၁ နာရီခွဲအထိ ကန္တာရဝတီမြို့တော်ခန်းမ၌ ကျင်းပရာ စာရေးဆရာများဖြစ်ကြသော ချစ်နိုင်(စိတ်ပညာ)၊ မြင်းမူမောင်နိုင်မိုးနှင့် မောင်ငြိမ်းသူ(ကြို့ပင်ကောက်)တို့က စာပေရေးရာများကို ဟောပြောခဲ့ကြကြောင်းနှင့် စာပေချစ်မြတ်နိုးသူ အင်အား ၅၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိဘဦးစိုးကြွယ်-ဒေါ်ရေနီမြင့်ကွန်းတို့အားရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဦးကျော်ဟိန်း-ဒေါ်ထိပ်တင်အေး၊ သားတင်ထွဋ်ဦး၊ အောင်မျိုးထွန်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်ပြီးစီးပြီဖြစ်သော သံဃာကုသဆောင်သစ်ကြီးအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၂၄၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတက ထာဝရငြိမ်းချမ်းရေးလက်ဆောင်အဖြစ်ပေးအပ်သော ကွန်ပျူတာများ၊ ဆိုလာမီးအိမ်များအား နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကရင်အမျိုးသားအစည်းအရုံး(KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့က ကရင်အမျိုးသားအစည်းအရုံး(KNU)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့အား ထာဝရ ငြိမ်းချမ်းရေးအထိမ်းအမှတ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော ကရင်အမျိုးသားအစည်းအရုံး (KNU)အား နိုင်ငံတော်အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့က ထာဝရငြိမ်းချမ်းရေး အထိမ်းအမှတ်ညစာစားပွဲကို ဧပြီ ၈ ရက် ညပိုင်းတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌တည်ခင်းဧည့်ခံရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးညဏ်ထွန်းအောင်၊ ဦးဇော်မင်း၊ ဦးခင်ရီ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကရင်တိုင်းရင်းသားအဖွဲ့အစည်းများ၊ ကရင်အမျိုးသားအစည်းအရုံး(KNU)မှ အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်နှင့် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးတို့ ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ရှေ့ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ထာဝရငြိမ်းချမ်းရေး အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ကျေးဇူးတင်စကားပြောကြားပြီး ကရင်အမျိုးသားအစည်းအရုံး (KNU)မှ အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ညစာစားပွဲတွင် ကရင်တိုင်းရင်းသားတေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး နိုင်ငံတော်သမ္မတက ထာဝရငြိမ်းချမ်းရေးလက်ဆောင်အဖြစ်ပေးအပ်သော ကွန်ပျူတာများ၊ ဆိုလာမီးအိမ်များအား နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကလည်းကောင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် Sky Net ရုပ်သံဖမ်းစက် ၁၀ လုံးအား ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကလည်းကောင်း၊ အမှတ်တရပစ္စည်းများအား ပြည်ထောင်စုဝန်ကြီး ဦးခင်ရီကလည်းကောင်း ကရင်အမျိုးသားအစည်းအရုံး (KNU) အဖွဲ့ဝင်များထံ ပေးအပ်ကာ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4

၁၀-၄-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၂၀	MRTV-4 သတင်း
၆း၄၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၄၇)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်**(အပိုင်း-၁)
၁၁း၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၇)
၂း၀၀	MRTV-4 သတင်း
၆း၀၀	MRTV-4 သတင်း
၆း၄၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၄၈)
၇း၂၅	MRTV-4 မြန်မာ့ရိုးရာသင်္ကြန်
၈း၀၀	MRTV-4 သတင်း
၉း၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်**(အပိုင်း-၂)
၁၀း၄၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၈)

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Blackburn- Liverpool	(ESPN)(MRTV-4)

မဟာမင်းစကြာ ဘုန်းတော်ပြည့် သံတော်ဆင့်စေတီတော် မြေသန့်၊ ပန္နက်တင်၊ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မိချောင်းတစ်ရာ ကျေးရွာအုပ်စု ညောင်ကုန်းရွာ ပြည်ကြီးမဏ္ဍိုင် ဓမ္မရိပ်သာကျောင်းတိုက်၌ တိုင်းဒေသကြီးလွှတ်တော်က ကြီးမှူးပြီး လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ဆူကြုံနိမ့်မြင့် မရွေး၊ ပါတီစုံ၊ အဖွဲ့အစည်းစုံ (၇)ရက်သားသမီးအများကောင်းမှု ကုသိုလ်ရကြစေရန် ရည်ရွယ်၍ မဟာမင်းစကြာ ဘုန်းတော်ပြည့် သံတော်ဆင့် စေတီတော် တည်ထားရေး မြေသန့်၊ ပန္နက်တင်၊ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဧပြီ ၆ ရက်တွင် ကျင်းပရာ မင်္ဂလာအချိန်တွင် သံဃာတော်အရှင်သူမြတ်များက မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာတို့ကို ဆောင်ရွက်ပေးတော်မူကြသည်။

ထို့နောက် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်-ဒေါ်ခင်မလေး အမှူးပြုသော အလှူရှင်များက ရတနာရွှေကြုတ်၊ ငွေကြုတ်၊ ရတနာအုတ်မြစ်တော် ကြေးကမ္ပည်းလွှာ၊ ဆန်၊ ပဲ၊ ပြောင်း၊ စပါး၊ ရွှေ၊ ငွေ၊ ပြည်တောင်းတို့ကို ဆရာတော်များထံ ဆက်ကပ်ကြသည်။

ယင်းနောက် ရတနာရွှေကြုတ်၊ ငွေကြုတ်၊ ရတနာအုတ်မြစ်တော် ကမ္ပည်းလွှာများကို ဒေဝါဝင်း/ ရာဇာဝင်းတို့ဖြင့် ဝင်းခင်းပင့်ဆောင်ကာ မင်္ဂလာအချိန် ကျရောက်သည်နှင့် နဝရတ်ကိုးပါး ဌာပနာသွင်း ပူဇော်ထားသော ရတနာရွှေကြုတ်၊ ငွေကြုတ်၊ မော်ကွန်းကမ္ပည်း ကြေးပြား၊ အဖုံးကျောက်ပြား၊ ပတ္တမြားရတနာအုတ်မြစ်တော်တို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးသိန်းနှင့် တာဝန်ရှိသူတို့က ထည့်သွင်းပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမြင့်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဝေလှိုင်ထွန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးတင်အောင်မြင့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးအေးဟန်နှင့် အလှူရှင်တို့က အုတ်မြစ်စီပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေရာသီအခြေခံဘော့စ်ဘော သင်တန်းဆင်းပွဲနှင့် ဘော့စ်ဘော (League) ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဧပြီ ၉

၂၀၁၂ ခုနှစ် နွေရာသီအခြေခံဘော့စ်ဘော သင်တန်းဆင်းပွဲနှင့် မြန်မာနိုင်ငံ ဘော့စ်ဘောပြိုင်ပွဲများကို ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ကျိုက္ကဆံကွင်း)အတွင်းရှိ မြန်မာနိုင်ငံ ဘော့စ်ဘော အားကစားကွင်း၌ ကျင်းပရာ သင်တန်းဆင်းပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော့စ်ဘောအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝေဟင်အောင်ဝင်းနှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားများ၊ (League) ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ဘော့စ်ဘော အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးဝေဟင်အောင်ဝင်းက သင်တန်းဆင်းပွဲနှင့် (League) ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ချီးမြှင့်ခဲ့

ဆက်လက်ပြီး နွေရာသီအခြေခံ ဘော့စ်ဘော အားကစားနည်းကို သင်တန်းသားများက သရုပ်ပြသကြပြီးနောက် မြန်မာနိုင်ငံ ဘော့စ်ဘော အဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝေဟင်အောင်ဝင်းက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ သင်တန်းထူးချွန်ဆုအဖြစ် အကောင်းဆုံး တိုက်စစ်ဆု၊ အကောင်းဆုံး ခံစစ်ဆုနှင့် အထူးချွန်ဆုံးဆုများကို လည်းကောင်း ချီးမြှင့်ခဲ့သည်။ **(အပေါ်ဝဲပုံ)**

စတင်ကျင်းပ

ဆက်လက်၍ မြန်မာနိုင်ငံ ဘော့စ်ဘောအဖွဲ့ချုပ် (League) ပြိုင်ပွဲများကို စတင်ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၂ ခုနှစ် သက်ကြီးသူတို့ကျန်းမာဖို့ လူမှုဘဝမြှင့်တင်စို့ ခေါင်းစဉ်ဖြင့် ဧပြီ ၇ ရက်က ပခုက္ကူအထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားစဉ်။ (၁၀၂)

● ကျောဖုံးမှ

မြစ်ရေတင် စီမံကိန်းများ၏ အဓိကအသက်သွေးကြောမှာ တစ်နှစ်ပတ်လုံး ရေအလုံအလောက်ရနိုင်မည့် ရေအရင်းအမြစ်ပင်ဖြစ်သည်။ ရေကိုလိုအပ်သည့်အချိန်တွင် လိုအပ်သလိုစုပ်တင်နိုင်သည်နှင့်အမျှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကို အထောက်အကူပြုစေနိုင်မည် ဖြစ်သည်။

ရွှေလုံ့ဗိုလ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် ရေအရင်းအမြစ် အားသာချက်ရှိသည့်အပြင် ဒီဇိုင်းရေးဆွဲမှုကောင်းမွန်ခြင်း၊ ဒီဇိုင်းအတိုင်းရရှိအောင် အကောင်အထည်ဖော် တည်ဆောက်နိုင်ခြင်းတို့ကြောင့် အခြားသော မြစ်ရေတင်စီမံကိန်းများနှင့်မတူဘဲ ပိုမို၍ အကျိုးထိရောက်မှု ရှိသည့်အပြင် ဒေသခံပြည်သူများ၏ လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ခြင်းပင်ဖြစ်သည်။

ရွှေလုံ့ဗိုလ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူအကောင်အထည်ဖော် တည်ဆောက်ခြင်းဖြစ်ပြီး ရေတင်အဆင့် သုံးဆင့်၊ ရေတင်စနစ် ရေပေါ်ရေတင်စက်ရုံ (Pontoon Type) ဖြစ်သည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် စီမံကိန်းစတင်ခဲ့ရာ ယခုအခါ စီမံကိန်းလုပ်ငန်းများ အားလုံး၏ ၆၈ ဒသမ ၆၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ စီမံကိန်းတစ်လုံးကို ၂၀၁၃ ခုနှစ် မတ်လအတွင်းပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်း၏မြို့ပြဆိုင်ရာ အချက်အလက်များအနေဖြင့် ပင်မမြောင်း အရှည်ကိုးမိုင်၊ လက်တံမြောင်းအရှည် ၁၀ ဒသမ ၅၉ မိုင်၊ လက်ခွဲမြောင်း အရှည် ၃ ဒသမ ၉၈ မိုင်၊ တူးမြောင်း အဆောက်အအုံ ၅၆၇ ခု၊ ဓာတ်အားခွဲရုံ သုံးခုပါဝင်သည်။

ဒုဋ္ဌဝတီမြစ်မှရေကို(၂၀)ကျူးဆက်ပန့်ရေစုပ်စက်ခြောက်လုံးဖြင့် စုပ်တင်၍ စိုက်ပျိုးမြေဧက ၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်နှင့် ဒေသစီးပွားလန်းစိုပြည်ရေးကို အထောက်အကူပြုလာနိုင်စေရန်ရည်ရွယ်၍ တည်ဆောက်အကောင်အထည်ဖော်ခြင်း ဖြစ်ကြောင်း သိရသည်။

စီမံကိန်း၏ အဓိကတည်ဆောက်ရသည့် လုပ်ငန်းကဏ္ဍများအနေဖြင့် အကြိုတည်ဆောက်ခြင်း၊ ရွှေလုံ့ဗိုလ်ကန်အတွင်းရေဖြည့်သိုလှောင်နိုင်ရန် Feeder Main Canel နှင့် Syphon တည်ဆောက်ခြင်း၊ မြို့ပြလုပ်ငန်း တူးမြောင်းရေသောက်စနစ် တည်ဆောက်ခြင်း၊ လျှပ်စစ်နှင့်ရေစုပ်စက်တပ်ဆင် တည်ဆောက်ခြင်း၊ နတ်ရေကန်ရေလွှဲဆည် (Weir) တည်ဆောက်ခြင်း၊ ဌာနသင်တန်းကျောင်း တည်ဆောက်ခြင်းနှင့် တည်ဆောက်စဉ်ကာလအတွင်း စိုက်ပျိုးရေပေးဝေခြင်းတို့ ပါဝင်သည်။

ရွှေလုံ့ဗိုလ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းဆောင်ရွက်ခြင်းဖြင့် သီးနှံအထွက်နှုန်း တိုးတက်လာခြင်း၊ သီးထပ်စွမ်းအား တိုးတက်လာခြင်း၊ ဒေသဝမ်းစာ ဖူလုံစွာရနိုင်ခြင်း၊ သောက်သုံးရေရနိုင်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းစွာနှင့် ကျန်းမာရေးကောင်းမွန်လာခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာခြင်း၊ အပေါ်ယံမြေဆီလွှာကောင်းမွန်လာခြင်း၊ မြောင်းစစ်လမ်းကို ကျေးရွာနေပြည်သူများ လမ်းပန်း ဆက်သွယ်မှုအတွက် လွယ်ကူစွာအသုံးပြုနိုင်ခြင်း စသည်ဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်သည်။

ရွှေလုံ့ဗိုလ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ လက်တံခွဲမြောင်း တည်ဆောက်ခြင်းလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ရွှေလုံ့ဗိုလ် လျှပ်စစ်မြစ်ရေတင် စီမံကိန်း တည်ဆောက်စဉ်ကာလအတွင်း ၂၀၁၀-၂၀၁၁ ခုနှစ် မိုးသီးနှံမှစ၍ ရေပေးဝေခဲ့ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ၉၂၂ ဧက၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၃၁၂ဧကကို ရေပေးဝေနိုင်ခဲ့သည်။ စီမံကိန်းမဆောင်ရွက်စဉ်က ရွှေလုံ့ဗိုလ်ကန်အတွင်း ၃၄ ဒသမ ၆၇ ဧက/ပေသာ သိုလှောင်နိုင်ခဲ့သော်လည်း ယခုအခါ စီမံကိန်းမှ ရေဖြည့်သွင်းပေးနိုင်ခဲ့သဖြင့် ၈၂၃ ဒသမ ၆၇ ဧက/ပေ အထိ သိုလှောင်ဖြည့်သွင်းနိုင်ခဲ့သည်။

ယခုအခါ ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဧရိယာအတွင်းရှိ မီးသွေးဘုတ်၊ ကျွဲနဖား၊ ကန်အောက်၊ ကင်းတုန်၊ စိုက်ပျိုးရေး၊ ရွာဗိုလ်နှင့် မြို့ကုန်းကျေးရွာများကို အကျိုးပြုလျက်ရှိပြီး စီမံကိန်းတစ်ခုလုံး ပြီးစီးပါက အုတ်ဖိုပြင်၊ နတ်ရေကန်၊ ကန်တွင်းနှင့် ရဲရွာသစ်ကျေးရွာများအတွက်ပါ အကျိုးပြုလာနိုင်မည် ဖြစ်သည်။

ယခင်က မြစ်ရေတင်စီမံကိန်း တည်ဆောက်ရာတွင် စီမံကိန်းဧရိယာအတွင်းရှိ လယ်မြေများ၌ စီမံကိန်းသီးနှံများကိုသာ ဦးစားပေးစိုက်ပျိုးခဲ့ကြရသော်လည်း ယခုအခါ တောင်သူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သည့် သီးနှံအမျိုးအစားကို မြေအနေအထားအပေါ်မူတည်ကာ စိုက်ပျိုးနိုင်ကြပြီဖြစ်၍ ပိုမိုအကျိုးခံစားကြရသည်။ အမှန်တကယ် ရေလိုအပ်ချိန်တွင် ရေမရသည့်အတွက် အောင်ရေမရဘဲ သီးနှံအထွက်နှုန်း ကျဆင်းခဲ့မှုမျိုး ကြုံတွေ့ရခြင်း မရှိတော့သဖြင့် အထွက်နှုန်းများလည်း သိသာစွာ တိုးတက်လာခဲ့သည်။

ထို့အပြင် ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေသောက်ဧရိယာ ၄၃၁၇ ဧကအနက် ၉၅၅ ဧကကို ယာမြေမှလယ်မြေသို့ ပြောင်းလဲစိုက်ပျိုးလာနိုင်ခဲ့ပြီ ဖြစ်သည်။

ရွှေလုံ့ဗိုလ် လျှပ်စစ် မြစ်ရေတင် စီမံကိန်းမှ ရေပေါ် ရေတင် စက်ရုံ(Pontoon) ကို တွေ့ရစဉ်။

ဖြစ်ထွန်းလျက်ရှိ

ယခုအခါ ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ရွှေလုံ့ဗိုလ်ကန်အတွင်း ရေဖြည့်သွင်းပေးခဲ့သဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာ၍ ဒေသတွင်းကျေးရွာများ ရေသုံးစွဲနိုင်မှု မြင့်တက်ဖူလုံလာကာ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြင့်မားလာခြင်း၊ မြောင်းစစ်လမ်း ၁၁ ဒသမ ၅ မိုင်ကို ကျေးရွာနေပြည်သူများ အသုံးပြုနိုင်သဖြင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာခြင်း စသည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအားမြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ဝန်ယူရေလှောင်တမံနှင့် မဒေးရေလှောင်တမံ

ဝန်ယူရေလှောင်တမံကို တွေ့ရစဉ်။

ဝန်ယူရေလှောင်တမံ

* ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကန်ငွန်းမကျေးရွာအနီး ဝန်ယူချောင်းပေါ်တွင် တည်ဆောက်ထားသည်။
* တမံအလျား ပေ ၂၃၀၀၊ တမံအမြင့် ၂၈ ပေ ရှိသည်။
* ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၄၀၀ ရှိသည်။
* ဝန်ယူရေလှောင်တမံမှ လယ်မြေ ၃၄၅ ဧကကို ဆည်ရေပေးဝေနိုင်သည်။
* ဒေသစိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူပြုသည်။
* နှမ်းစပါးနှင့် ကုလားပဲတို့ကို တိုးတက်စိုက်ပျိုးလာနိုင်သည်။

မဒေးရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

မဒေးရေလှောင်တမံကို တွေ့ရစဉ်။

မဒေးရေလှောင်တမံ

- မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကြို့ပင်ရွာအနီး၌ တည်ဆောက်ထားသည်။
- ရေဆင်းဧရိယာ ၇၆ စတုရန်းမိုင်ရှိသည်။ မဒေးချောင်းပေါ်၌ တည်ဆောက်ထားသည်။ မြေသားတမံအမျိုးအစားဖြစ်သည်။
- တမံအမြင့် ၁၅၅ ပေ၊ အလျားပေ ၁၉၂၀ နှင့် ကုန်းကြောတမံအလျားပေ ၁၂၀၀ ရှိသည်။
- ကံမမြို့နယ်အတွင်းရှိ လယ်မြေဧက ၄၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်သည်။ ခြောက်သွေ့သော ပတ်ဝန်းကျင်သဘာဝအနေအထားကို စိမ်းလန်းစိုပြည်စေသည်။
- ဤရေလှောင်တမံ ရေပေးနိုင်မှုအရ ဧက ၄၀၀၀ ၌ မိုးစပါး၊ မိုးနှမ်းနှင့် ပဲတီစိမ်းကို ပထမတစ်သီး စိုက်ပျိုးနိုင်သည်။
- ဒုတိယတစ်သီးအဖြစ် နွေစပါးနှင့် ပဲမျိုးစုံ။
- တတိယသီးနှံအဖြစ် နွေစပါးကို ဧက ၇၀၀ ထပ်မံစိုက်ပျိုးနိုင်သည်။
- သီးနှံစိုက်စွမ်းအား ၂၁၈ ရာခိုင်နှုန်းအထိ တိုးတက်လာမည်။

မီးဘေးအန္တရာယ်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဥက္ကံမြို့၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ရှိ စာသင်ကျောင်းများ၊ ဈေးနှင့် ရပ်ကွက်များအတွင်း မီးဘေးအန္တရာယ်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကို ဧပြီ ၅ ရက်က အနော်ရထာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥက္ကံရဲစခန်းမှ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ရုံး ဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် ဥက္ကံမြို့ဈေးအတွင်း တပ်ဆင်ထားသော မီတာပုံးများ၊ လျှပ်စစ်ဝိုင်ယာကြိုးများ၊ မိန်းခုံနှင့် မီးခလုတ်များ ကောင်းမွန်မှု ရှိမရှိ စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ်စိုးရိမ်ရသည့် အမှိုက်ပုံများ ရှင်းလင်းဆောင်ရွက်ထားခြင်း ရှိမရှိ၊ ဈေးအတွင်းလောင်စာဆီနှင့် စက်သုံးဆီများ ရောင်းချနေခြင်း ရှိမရှိနှင့် ဈေးဆိုင်ခန်းများတွင် လျှပ်စစ်မီးသုံးစွဲမှု ဘေးကင်းလုံခြုံမှု ရှိစေရေးအတွက် စစ်ဆေးဆောင်ရွက်ကြပြီး မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်မီးသတ်တပ်ဖွဲ့)**

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ငွေထုတ်ချေး

မူဆယ် ဧပြီ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကော်မတီကကြီးမှူး၍ အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ချေးငွေထုတ်ပေးခြင်းအခမ်းအနားကို မူဆယ်မြို့ မြို့တော်ခန်းမ၌ မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ထုတ်ချေးပေး

အဆိုပါအခမ်းအနားတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းနှင့် ခရိုင်ပြည်တွင်းအခွန်များဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဝင်းတို့က လုပ်ငန်းရှင်များအား အားပေးစကားပြောကြားပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းရှင် ၃၅ ဦးအား ချေးငွေကျပ် ၈၅၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်အခွန်ဦးစီးဌာန)

မြန်မာ့အလင်း

စာတည်းထံပေးစာများ

ရေဆိုးနှင့်ညှော်နံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ်(၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းအနီးရှိ ဆန်စက်လည်ပတ်ရာမှ ထွက်ရှိလာသော ညှော်နံ့ဆိုး၊ ရေဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျိုက်လတ်သား

လောင်စာဆီ သိုလှောင်ရောင်းဝယ်မှု တားမြစ်ပေးပါ

စာတည်းခင်ဗျား-

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် စပါယ်မြိုင်လမ်းရှိ နေအိမ်ခြံဝင်း တစ်ခုအတွင်း တရားမဝင် လောင်စာဆီ ဝယ်ယူရောင်းချမှုလုပ်ငန်းနှင့် အရက်ထုတ်လုပ်သည့် လုပ်ငန်းတို့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ လောင်စာဆီနံ့နှင့်အရက်နံ့တို့ကို ရှူရှိုက်နေရသဖြင့် ကျန်းမာရေးထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

စပါယ်မြိုင်လမ်းသား

အန္တရာယ်ရှိသောအဆောက်အအုံ ဖျက်သိမ်းပြီးဖြစ်

၂၉-၁၁-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် ၁၁၉ လမ်းရှိ အန္တရာယ်ရှိအဆောက်အအုံအား ဖျက်သိမ်းပေးပါ ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)

ကွင်းဆင်းဆောင်ရွက်

မတ် ၂၇ ရက်က မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် အုတ်တွင်းမြို့နယ် ကျွဲပွဲကျေးရွာအုပ်စုနှင့် ညောင်ခြေထောက်ကျေးရွာအုပ်စုတို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် လူဦးရေစာရင်းများကို တောင်ငူခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး မောင်ကျော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးစောနိုင်တို့ ကွင်းဆင်းဆောင်ရွက်စဉ်။

(မြန်မာ့အလင်း)

သကြၤန်ချိန်ခါကို ကြိုဆိုသည့် ဓာတ်ပုံပြိုင်ပွဲ ဆုရအနုပညာလက်ရာများပြသ

ကျော်ကျော်(စက်မှုတက္ကသိုလ်)

ရန်ကုန် ဧပြီ ၉

သင်္ကြန်ချိန်ခါ ကြိုဆိုလျက် မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ (၄၈)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲကြီးမှ ဆုရအနုပညာဓာတ်ပုံများ ပြပွဲကို ရန်ကုန်မြို့ ၃၅ လမ်း အမှတ် ၂၇/၃၉ ရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်း၌ ပြသထားရာ စာရေးသူ သွားရောက်လေ့လာဖြစ်ခဲ့သည်။

နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲ၌ ရှုချင်စဖွယ် (အဖြူအမည်း/မိုနိုကရုဏ်း) ကဏ္ဍ၊ ရှုချင်စဖွယ်(ဆေးရောင်စုံ) ကဏ္ဍ၊ ဒစ်ဂျစ်တယ်အထူးပြုလုပ်ချက် ကဏ္ဍ၊ လူပုံပြိုင်ပွဲကဏ္ဍနှင့် သဘာဝလေ့လာချက်ကဏ္ဍဟူ၍ ကဏ္ဍကြီးငါးခု ခွဲခြားယှဉ်ပြိုင်စေခဲ့သည်။

"တစ်နှစ်မှာတစ်ကြိမ်သာ ကျင်းပတဲ့ မြန်မာနိုင်ငံဓာတ်ပုံအသင်းနဲ့ အသင်းဝင်များအတွက် အလွန်အလေးအနက်ထားရတဲ့ ဒီပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်သူ ၁၀၁ ဦးရဲ့ ပြိုင်ပွဲဝင်ပုံပေါင်း ၁၀၅၅ ပုံအနက်က အကောင်းဆုံးပုံတွေကို ဝါရင့်ဓာတ်ပုံအကဲခတ်ပညာရှင်ကြီးများက အသေးစိတ်အမှတ်ပေးရွေးချယ်ပေးခဲ့တာပါ" ဟု မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးထင်လင်း (ထင်လင်း-Golden Arrow)က ရှင်းပြသည်။

ဒစ်ဂျစ်တယ် အထူးပြုလုပ်ချက်ကဏ္ဍ ပထမဆုရ ပြည်စိုးထွန်း(ပန်းချီ-ကော့သောင်း)၏ ဓာတ်ပုံကို လေ့လာရာ မြတ်စွာဘုရားရှင်က အမျိုးသမီးငယ်တစ်ဦးအား မည်သူမဆို ပျိုရာမှအို၊ အိုရာမှနာ၊ နာရာမှ သေရမည်သာဖြစ်ကြောင်း လက်တွေ့သရုပ်ပြဟောကြားတော်မူနေဟန် ဖန်တီးပြုလုပ်ထားသည်မှာ အထူးသေသပ်လှပေသည်။ ဒုတိယဆုရ ကျော်ကျော်ဝင်း၏ ဓာတ်ပုံ၌ ဥခွံတစ်ခုအတွင်းမှ ရင်သွေးငယ်တစ်ဦး ရုန်းကန်ဖောက်ထွက်မွေးဖွားလာပုံကို ကွန်ပျူတာအထူးပြုလုပ်ချက်များဖြင့် ဖန်တီးထားသည်ကိုလည်း စိတ်ဝင်စားဖွယ် လေ့လာရသည်။

လူပုံပြိုင်ပွဲကဏ္ဍ၌ ပထမဆုရရှိသည့် ဇော်မင်း (GTS)၏ လက်ရာဖြစ်သည့် တိုင်းရင်းသူတစ်ဦး၏ ရိုးရာဝတ်စုံပြည့် အနီးကပ်ဓာတ်ပုံမှာအထူးအသက်ဝင်ကာ အလင်းအမှောင်၊ ထင်ရှားပြတ်သားမှု၊ အရောင်ကွဲပြားမှုနှင့် ဆေးသားအနုအရင့် အထူးကောင်းမွန်ကာ ဓာတ်ပုံပညာအဆင့်မြင့်လှသဖြင့် အကဲဖြတ်ဒိုင်လူကြီးများ အကြိုက် ပုံကောင်းတစ်ပုံဖြစ်ခဲ့သည်။

လူပုံပြိုင်ပွဲကဏ္ဍ ဒုတိယဆုရှင် ပြည်စိုးထွန်း(ပန်းချီ-ကော့သောင်း) ရိုက်ကူးထားသည့် မိန်းကလေးငယ်တစ်ဦး လေမှုတ်ဂီတတူရိယာတစ်ခု ကိုင်ဆောင်ထားပုံ၌ မိန်းကလေးငယ်၏ ကောက်ကြောင်းများကို ပေါ်လွင်အောင် အမိအရ ရိုက်ယူထားသည်ကို တွေ့ရသည်။ သုံးလပတ် ဓာတ်ပုံပြိုင်ပွဲ ပထမဆုရ ဓာတ်ပုံ

ဆင်သင်္ကြန်များလေလားဟု ထင်မှတ်မှားစရာ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၏ ရှုချင်စဖွယ် ဓာတ်ပုံတစ်ပုံ။

တစ်ပုံဖြစ်သည့် ဓာတ်ပုံ ဇော်ဇော်ထွန်း ရိုက်ကူးဖန်တီး လက်စွမ်းပြထားသည့် "ရယ်ရွှင်ဖွယ်ရာ" ဟု အမည်ပေးထားသည့် ကလေးငယ်တစ်ဦးအား အဝတ်

သင်္ကြန်ချိန်ခါကို အမိအရ မှတ်တမ်းတင်ထားသည့် လက်ရာမြောက်လှသည့် ရှုချင်စဖွယ် ဓာတ်ပုံတစ်ပုံ။

ဓာတ်ပုံ ဇော်ဇော်ထွန်း ရိုက်ကူးဖန်တီး ပြုလုပ်ထားသည့် "ရယ်ရွှင်ဖွယ်ရာ" အမည်ရှိ လက်ရာတစ်ခု။

တန်း၌ ချိတ်ဆွဲထားပုံမှာ ကြည်နူးချမ်းမြေ့ရယ်ရွှင်ဖွယ် ကောင်းလှပေသည်။

သဘာဝ လေ့လာချက်ကဏ္ဍမှ ပထမဆုရှင် ဦးစိန်ထွန်း(စမ်းချောင်း)၊ ဒုတိယဆုရှင် ဦးအောင်ဆန်း (တောင်ကြီး)၊ တတိယဆုရှင် ပြည်စိုးထွန်း(ပန်းချီ-ကော့သောင်း) တို့၏ လိပ်ပြာ၊ ပျားပိတုန်းနှင့် မြွေသတ္တဝါတို့ကို အသီးသီးရိုက်ကူး လက်စွမ်းပြထားပုံများမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။

ရှုချင်စဖွယ် ဆေးရောင်စုံကဏ္ဍ ပထမဆုရ ဦးမျိုးသန့်(တောင်ကြီး)၊ ဒုတိယဆုရ ဇော်မင်း(GTS)နှင့် တတိယဆုရ မျိုးမင်းကြွယ်(ရွှေတောင်ကြား)တို့၏ မြန်ပြည်အနှံ့ ရှုခင်းများမှာ ရှုမဝနိုင်ဖြစ်ရသည့်အပြင် ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်) ရိုက်ကူးသည့် ဆင်များအား ချောင်းငယ်တစ်ခု၌ ရေချိုးပေးနေပုံ နှစ်သိမ့်ဆုရ လက်ရာမှာလည်း အလင်းအမှောင်ယူထားမှု မှန်ကန်ပြီး ပေးထားသည့်အကြောင်းအရာနှင့် ကိုက်ညီသည့် ရှုချင်စဖွယ်ဓာတ်ပုံတစ်ပုံအဖြစ် ခံစားနိုင်ကြပေသည်။

"ဓာတ်ပုံပြိုင်ပွဲကဏ္ဍ ငါးခုစလုံးမှာလည်း ဝင်ပြိုင်ပြီး ပထဆုတစ်ဆုကိုလည်း ရသူဖြစ်ကာ ပြိုင်ပွဲကဏ္ဍအားလုံးပေါင်းပြီး အမှတ်အများဆုံးရသူကို နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲကြီးမှာ အကောင်းဆုံးဓာတ်ပုံပညာရှင်ဆုကို နှစ်စဉ် အစဉ်အလာမပျက် ရွေးချယ်ချီးမြှင့်ဂုဏ်ပြုလျက်ရှိပါတယ်" ဟု မြန်မာနိုင်ငံဓာတ်ပုံအသင်း အတွင်းရေးမှူး ဦးအောင်ထွန်းဝင်းက ရှင်းပြသည်။

၂၀၁၁ခုနှစ်အတွက် အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆု (THE BEST PHOTOGRAPHER OF THE YEAR 2011)ကို ပြည်စိုးထွန်း(ပန်းချီ-ကော့သောင်း)က ဆွတ်ခူးရရှိသွားသည်။

(၄၈)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲကြီး၌ သင်္ကြန်ချိန်ခါ ဆုရလက်ရာအချို့နှင့် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ရှုမျှော်ခင်းအဖုံဖုံနှင့် ဖန်တီးမှုလက်ရာ အစုံစုံကို ဓာတ်ပုံပညာ ခံစားမှုရသမြောက်စွာ ရိုက်ကူးတင်ပြ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ဓာတ်ပုံပညာရှင်များ၏ အနုပညာလက်ရာများကို အားရဖွယ်တွေ့မြင်လေ့လာခံစားခဲ့ရပါသည်။ ။

ရွှေဝါငါးကြင်း သဘာဝသားဖောက်နည်းပညာသရုပ်ပြ

ဇန်းမော် ဧပြီ ၉

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဇန်းမော်မြို့နယ်ရှိ ငါးမွေးမြူသူများအား ရွှေဝါငါးကြင်းသဘာဝသားဖောက်နည်းကို မတ် ၂၈ ရက်က ဇန်းမော်ငါးလုပ်ငန်းစခန်းတွင် စခန်းတာဝန်ခံ ဒေါ်သင်းသင်းခိုင်နှင့်ဝန်ထမ်းများက လက်တွေ့ပြသကြသည်။ ထို့အပြင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညွန့်မေနှင့် သမဝါယမဦးစီးဌာနမှူး ဒေါ်အုန်းမြင့်တို့က ရွှေပြည်သာသမဝါယမအသင်းရှိ ငါးကန်ငယ် ၁၅ ကန်အတွက် ရွှေပြည်သာအုပ်ချုပ်ရေးမှူးသို့လည်းကောင်း၊ အောင်၊ စန္ဒာ၊ အောင်ဆုပန်၊ ခိုင်မြဲအောင်နှင့် ပန်းချယ်ရီ စသောသမဝါယမအသင်းသားပိုင် ငါးကန်များသို့လည်းကောင်း ရွှေဝါငါးကြင်းငါးမျိုးကောင်ရေ စုစုပေါင်း ၁၀၅၀၀ ကို ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ငါးလုပ်ငန်းဦးစီး)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၇၇) ဘီ/၁ ဆင်ရေကန်လမ်းနေ ဦးတင်မောင်ဦး၏ အသက်(၆၃)နှစ်ပြည့်မွေးနေ့အလှူအဖြစ် တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအတွက် ဆေးပဒေသာပင်ငွေကျပ်တစ်သိန်းကို ရိပ်သာအတွင်းရေးမှူး ဦးမြသိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၀၀၉)

မီးဘေးရှောင် မလောင်ခင်တား

ကိုသစ္စာ-စုစည်းသည်

နာမည်ကြီး ရုပ်ရှင်မင်းသမီး ဖန်ဘင်းဘင်း တောင်ကိုရီးယားမင်းသားတစ်ဦးနှင့် ဇာတ်ကားရိုက်မည်

ပေကျင်း ဧပြီ ၉

တရုတ်ရုပ်ရှင်မင်းသမီး ဖန်ဘင်းဘင်းဟာ ပေကျင်းမြို့ ဂိုအင်ကဇာတ်ရုံမှာ ကျင်းပတဲ့ ၂၀၁၂ ခုနှစ် ဖက်ရှင်ဒီဇိုင်းပြပွဲကို တက်ရောက်ခဲ့ပြီး သတင်းထောက်တွေနဲ့ တွေ့ဆုံတဲ့အခါ မကြာမီ အချိန်အတွင်းမှာ တောင်ကိုရီးယားရုပ်ရှင်မင်းသား ဂျန်ဂျင်ဝမ်နဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲသစ် ရိုက်ကူးမယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ရုပ်ရှင်မင်းသမီးဖန်ဘင်းဘင်း **(ယာပုံ)**ဟာ တောင်ကိုရီးယား ရုပ်ရှင်မင်းသားတွေနဲ့တွဲဖက်ပြီး တစ်ကြိမ်တစ်ခါမျှ ဇာတ်ကားရိုက်ကူးခဲ့ဖူးခြင်းမရှိပါဘူး။ ဒါကြောင့်တရုတ်နိုင်ငံရဲ့ အချစ်နဲ့လူမှုရေးဆိုင်ရာ ဒရာမာရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ပရိသတ်တွေကြည့်ရှုရတော့မှာဖြစ်ပါတယ်။

လောလောဆယ်မှာတော့ ရုပ်ရှင်မင်းသမီးဖန်ဘင်းဘင်းဟာ My Way အမည်ရှိတဲ့ ဇာတ်ကားရိုက်ကူးထားပြီး မကြာမီ တရုတ်နိုင်ငံတစ်ဝန်းမှာ ရုံတင်ပြသတော့မှာဖြစ်ပါတယ်။ အသက် ၃၁နှစ် အရွယ်ရှိတဲ့ ဖန်ဘင်းဘင်းဟာ ရုပ်ရှင်မင်းသမီးတစ်ဦးအပြင် အဆိုတော်တစ်ဦးလည်းဖြစ်တာမို့ သူမရဲ့တေးအယ်လ်ဘမ်ထွက်ရှိဖို့လည်း ကြိုးစားနေပါတယ်။ ရုပ်ရှင်မင်းသမီး ဖန်ဘင်းဘင်းဟာ သူမရဲ့ကိုယ်ပိုင်ရုပ်ရှင်စတူဒီယိုတစ်ခုကို ၂၀၀၇ ခုနှစ်ကတည်းက တည်ထောင်ထားပြီး ရုပ်ရှင်ကားရိုက်ကူးမှုတွေကို လက်ခံပြုလုပ်နေပါတယ်။ **(အင်တာနက်)**

လီယိုနာဒိုနှင့် အာနိုးတို့ အက်ရှင်ဇာတ်ကားသစ်ရိုက်ကူးမည်



လော့စ်အိန်ဂျလိစ် ဧပြီ ၉

ဟောလိဝုဒ်ရုပ်ရှင်မင်းသား လီယိုနာဒို **(ယာပုံ)**နှင့် အာနိုးတို့ပူးတွဲပြီး အက်ရှင်ဇာတ်ကားသစ်တစ်ကား ရိုက်ကူးရန်စီစဉ်နေကြောင်း အမေရိကန်နိုင်ငံ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီက ဧပြီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းဇာတ်ကားကို အာရှနိုင်ငံအချို့တွင် ရိုက်ကူးသွားရန် စီစဉ်လျက်ရှိပြီး ဇာတ်သိမ်းခန်းကို လော့စ်အိန်ဂျလိစ်မြို့၌ ရိုက်ကူးမည်ဖြစ်သည်။ ဇာတ်ကားအမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ရုပ်ရှင်မင်းသား လီယိုနာဒိုနှင့် အာနိုးတို့အား တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ၎င်းကုမ္ပဏီကပြောကြားသည်။

အဆိုပါ ဇာတ်ကားကို စင်ကာပူနှင့်ဗီယက်နမ်နိုင်ငံများတွင် ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးရန် စီစဉ်ထားပြီး မူးယစ်ဒုစရိုက်အကြမ်းဖက်အုပ်စုများကို ဖြိုခွင်းသည့် စွန့်စားခန်းများပါဝင်သော ဇာတ်ကားလည်းဖြစ်သည်။

အသက် ၃၇ နှစ်ရှိပြီဖြစ်သော လီယိုနာဒိုက ရုပ်ရှင်မင်းသားကြီး အာနိုးနှင့် ဇာတ်ကားရိုက်ကူးရန် စိတ်အားထက်သန်လျက်ရှိကြောင်း လော့စ်အိန်ဂျလိစ်မြို့၌ ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

သရီးဒီတိုင်တန်းနစ်ရုပ်ရှင်ကား တရုတ်၌ ပြသမည်



ပေကျင်း ဧပြီ ၉

ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်းရိုက်ကူးသည့် တိုင်တန်းနစ်ရုပ်ရှင်ကားသည် သရီးဒီမြင်ကွင်းသစ်ဇာတ်ကားအဖြစ် တရုတ်နိုင်ငံတစ်ဝန်းတွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း တရုတ်နိုင်ငံမှ ရုပ်ရှင်ဖြန့်ချိရေး ကုမ္ပဏီဖြစ်သည့် ဟွာစီရာဥက္ကဋ္ဌဖြစ်သူ ဂူဂေါင်းက ဧပြီ ၉ ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

ယခင် တိုင်တန်းနစ်ရုပ်ရှင်ကားကို တရုတ်နိုင်ငံတစ်ဝန်းတွင် ၁၉၉၇ ခုနှစ်က ပထမဆုံးအဖြစ် ရုံတင်ပြသခဲ့သည်။ ထိုသို့ပြသခဲ့ရာတွင် တရုတ်ပရိသတ်များ နှစ်ခြိုက်အားပေးကြည့်ရှုခဲ့ရာ လက်မှတ်ရောင်းရငွေမှာ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၁၄ သန်းရရှိခဲ့သည်။ ယခုအခါ လူငယ်မျိုးဆက်သစ်များအတွက် သရီးဒီရုပ်ရှင်အဖြစ် ပြန်လည်ပြသမည်ဖြစ်ရာ ပထမ တိုင်တန်းနစ် ရုပ်ရှင်ကား ပြသပြီး ၁၅ နှစ်အကြာတွင် မြင်ကွင်းသစ်ဖြင့် ကြည့်ရှုခံစားနိုင်ရန် ပြသခြင်းဖြစ်ကြောင်း မစ္စတာဂူဂေါင်းက ပြောကြားသည်။

တိုင်တန်းနစ်ရုပ်ရှင်ကားသည် အပျော်စီးသင်္ဘောကြီး တိုင်တန်းနစ် ၁၉၁၂ ခုနှစ် ဧပြီ ၁၅ ရက်က ရေခဲတောင်ကြီးတစ်ခုနှင့် တိုက်မိပြီး နစ်မြုပ်ခဲ့ရာ ခရီးသည် ၁၅၀၀ ကျော်သေဆုံးခဲ့ရသည့် ဖြစ်ရပ်ကို ရုပ်ရှင်အဖြစ် ရိုက်ကူးထားခြင်းဖြစ်သည်။ ၎င်းဇာတ်ကားသည် ကမ္ဘာတစ်ဝန်း၌ ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄ ဘီလီယံရရှိခဲ့သည်။ **(အင်တာနက်)**

စပိန်လာလီဂါပွဲစဉ်(၃၁)ယှဉ်ပြိုင်၊ ရီးရဲမက်ဒရစ် အိမ်ကွင်း၌သရေပွဲဖြစ်

မက်ဒရစ် ဧပြီ ၉

စပိန်လာလီဂါပွဲစဉ် (၃၁) လက်ကျန်ပွဲများကို ဧပြီ ၉ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်နှင့် ဗလင်စီယာတို့ပွဲတွင် ဂိုးမရှိ သရေပွဲဖြစ်ခဲ့ရာ တန်းစီဇယားထိပ်ဆုံးမှ ရီးရဲမက်ဒရစ်တို့ အိမ်ကွင်း၌ အဖိုးတန် နှစ်မှတ်ဆုံးရှုံးခဲ့ရသည်။ **(ဝဲပုံ)**

ရီးရဲမက်ဒရစ်တို့အိမ်ကွင်း၌ အနိုင်ဂိုးများ သွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း စီရိုနယ်ဒို အဆုံးသတ်မသေချာမှုများကြောင့် အခွင့်အရေးကောင်းများ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ဗလင်စီယာတို့ကလည်း ရီးရဲမက်ဒရစ်ကို ခြေရည်တူ ကစားကာ ဂိုးသွင်းနိုင်ရေးကြိုးစားခဲ့သော်လည်း အရာမထင်ခဲ့ချေ။

အနိုင်ရရှိ

ထို့ကြောင့် ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့သဖြင့် ဂိုးမရှိ သရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲယူခဲ့ကြရခြင်းဖြစ်သည်။ ယခုပွဲ၌ ရီးရဲမက်ဒရစ်တို့ သရေပွဲဖြစ်ခဲ့သဖြင့် တန်းစီဇယားဒုတိယနေရာမှ ဘာစီလိုနာတို့နှင့် ပွဲတူလေးမှတ်သာ ကွာခြားသည့်အနေအထား ရောက်ရှိခဲ့ပြီဖြစ်သည်။ ထို့အတူ လီဗန်တေးနှင့် အက်သလက်တီကိုမက်ဒရစ်တို့ပွဲတွင် လီဗန်တေးက နှစ်ဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။ တစ်ဖန် ရီးရဲမာလော့ကာနှင့် ဂရင်နာဒါတို့ပွဲတွင် ဂိုးမရှိ သရေပွဲဖြစ်ခဲ့ပြီး ဘီလ်ဘာအိုနှင့် ဆီဗီလာတို့ပွဲတွင် ဘီလ်ဘာအိုက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၉) ဟမ်းဘတ်နှင့် ဘေယာလေဗာကူဆင်တို့ သရေပွဲဖြစ်ခဲ့

ဘာလင် ဧပြီ ၉

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၉)ကို ဧပြီ ၉ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဟမ်းဘတ်နှင့် ဘေယာလေဗာကူဆင်တို့ပွဲတွင် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ကြသည်။ **(အောက်ယာပုံ)**

တန်းဆင်းဇုန်အတွင်း မကျဆင်းရန်ရုန်းကန်နေရသော ဟမ်းဘတ်တို့အိမ်ကွင်း၌ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းဂိုးကို ပွဲချိန် မိနစ် ၄၀ ၌ ပီထရစ်က ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘေယာလေဗာကူဆင်တို့ ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲချိန် ၅၅ မိနစ်ရောက်မှသာ အက်ချာလီက ချေပဂိုးပြန်သွင်းနိုင်ခဲ့သည်။ ဘေယာလေဗာကူဆင်သည် ယခုပွဲသရေကျခဲ့သဖြင့် ၂၉ ပွဲကစား ၄၁ မှတ်ဖြင့် ဆဋ္ဌမနေရာ၌ ရှိနေသည်။

နိုင်ပွဲရရှိ

နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ရှော်ကေးနှင့် ဟန်နိုဗာအသင်းတို့ပွဲတွင် ရှော်ကေးက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ရှော်ကေးအတွက် ဂိုးများကို ပွဲချိန် ၆ မိနစ်နှင့် ၄၇ မိနစ်တို့၌ ရာအူးလ်က တစ်ဦးတည်း နှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ထို့နောက် ပွဲချိန် ၆၃ မိနစ်၌ ဟန်တေလာက တစ်ဂိုးသွင်းယူခဲ့သဖြင့် ရှော်ကေးတို့ သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ-စုစည်းသည်

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဘရာဇီးနည်းပြနှင့်အင်တာဗျူး

ရီယိုဒီဂျနေးရိုး ဧပြီ ၉

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေသော ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားရယူနိုင်ရေးအတွက် မျှော်မှန်းချက်ထားပြီးကြိုးစားနေရာ ဘရာဇီးဘောလုံးအသင်းနည်းပြ မီနီဒက်စ် **(ယာပုံ)** နှင့်သတင်းထောက်များ ဧပြီ ၈ ရက်က တွေ့ဆုံမေးမြန်းမှုကို ဖော်ပြရပါလျှင်-

မေး ။ ။ ၂၀၁၄ကမ္ဘာ့ဖလားရယူဖို့အတွက် ဘယ်လိုတွေပြင်ဆင်ထားပါသလဲ။

ဖြေ ။ ။ ပြီးခဲ့တဲ့ ၂၀၁၀ တောင်အာဖရိကဖလား ဘောလုံးပွဲမှာ ပါဝင်ကစားခဲ့တဲ့ ဘောလုံးသမားတွေ အားလုံးနီးပါးမပါဝင်တော့ပါဘူး။ နေရာစုံမှာ အပြောင်းအလဲတွေပြုလုပ်ထားပါတယ်။ တချို့ ဝါရင့်ဘောလုံးသမားတစ်ဦး၊ နှစ်ဦးလောက်ပဲ ရွေးချယ်ဖို့စီစဉ်ထားပါတယ်။

မေး ။ ။ ပြီးခဲ့တဲ့ ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်မှာ ပါရာဂွေးကိုရှုံးခဲ့တာ ဘယ်လိုသုံးသပ်ပါသလဲ။

ဖြေ ။ ။ ဘရာဇီးအသင်းစုစည်းမှုနဲ့ နားလည်မှုအပိုင်းတွေမှာအားနည်းလို့ဖြစ်ပါတယ်။လာမယ့်ကမ္ဘာ့ဖလားပွဲတွေမှာဒီအမှားတွေကိုဖယ်ရှားနိုင်မှာပါ။

မေး ။ ။ လာမယ့်ကမ္ဘာ့ဖလားပွဲတွေမှာ မျိုးဆက်သစ်တွေကို နေရာပေးရွေးချယ်ဖို့ အစီအစဉ်ရှိပါသလား။

ဖြေ ။ ။ အဲဒါက ကျွန်တော်တို့ရဲ့ ဦးစားပေးအစီအစဉ်ဖြစ်ပါတယ်။ အရည်အချင်းရှိပြီး ပါရမီရှိတဲ့ လူငယ်ဘောလုံးသမားတွေကို ဦးစားပေးရွေးချယ်သွားမှာပါ။

မေး ။ ။ ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် ဘရာဇီးအသင်းကစားသမားတွေ ရွေးချယ်ပြီးပြီလား။

ဖြေ ။ ။ လာမယ့်လအနည်းငယ်မှာ ရွေးချယ်တော့မှာပါ။ စုစုပေါင်း ၅၂ ဦး ရွေးချယ်ပြီး အချိန်ယူလေ့ကျင့်သွားမှာပါ။ အဲဒီအထဲက ဘောလုံးသမား ၃၅ ဦးကိုထပ်ရွေးပြီး လန်ဒန်အိုလံပစ်ပြိုင်ပွဲအတွက်လည်း ပြင်ဆင်လေ့ကျင့်မှာဖြစ်ပါတယ်။

မေး ။ ။ အတွေ့အကြုံရင့်ကျက်တဲ့ ကစားသမားတွေထဲကရွေးချယ်မယ်ဆိုရင် ဘယ်သူတွေဖြစ်မလဲ။

ဖြေ ။ ။ ရော်နယ်ဒင်ဟို၊ ဆဲလ်ဗား၊ ပါတို၊ အဲလ်ဗက်၊ အက်ဒရီယာနို၊ ဒေဗစ်လုဇ်၊ မာဆီလို၊ အဲလက်စ်၊ ဟာနာနက်စ်နဲ့ ဟော့ခ်တို့ထဲက ဖြစ်နိုင်ပါလိမ့်မယ်ဟု ဖြေကြားသွားပါကြောင်း။ ။ **(အင်တာနက်)**

အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ

အင်္ဂါဂြိုဟ်မျက်နှာပြင်မြောက်ဘက်၌ ဖုန်မှုန့်တန်းထွက်ပေါ်နေ



လော့စ်အိန်ဂျလိစ် ဧပြီ ၉

အင်္ဂါဂြိုဟ်မျက်နှာပြင်ကို လေ့လာနေသော နာဆာ၏ အာကာသလေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင် မြောက်ဘက်ခြမ်း၌ ဖုန်မှုန့်များထွက်ပေါ်နေသော နေရာ တစ်ခုကိုတွေ့ရှိခဲ့ကြောင်း နာဆာမှ ဧပြီ ၈ ရက်တွင် သတင်း ထုတ်ပြန်သည်။ **(ယာပုံ)**

အဆိုပါ ဖုန်မှုန့်များထွက်ရှိနေသော နေရာသည် ပတ်လည် ပေ ၂၀၀ ခန့်ရှိပြီး အမြင့်ပေ ၁၂ မိုင်ခန့်အထိ ဖုန်မှုန့်များ လွင့်ပျံ့ထွက်ပေါ်နေကြောင်း၊ ထိုသို့ ဖုန်မှုန့်များထွက်ပေါ်နေမှုကို အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်မှ ပေးပို့သော ဓာတ်ပုံများအရ သိရှိရသည်ဟု နာဆာက ပြောကြားသည်။

ပုံသဏ္ဌာန်မတူ

အင်္ဂါဂြိုဟ်မျက်နှာပြင်မှ ထွက်ပေါ်နေသောဖုန်မှုန့်များသည် ထူးခြားသော ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာမြေတွင် ဖြစ်ပေါ်လေ့ရှိသည့်လေဆင်နှာမောင်းနှင့်လည်း ပုံသဏ္ဌာန်မတူကြောင်း၊ နေမှထွက်ပေါ်လာသော နေရောင်ခြည်အလင်းတန်းများကို အင်္ဂါဂြိုဟ်မျက်နှာပြင်က စုပ်ယူပြီး ပြန်လည်ထုတ်ပြန်ရာ၌ ဖုန်မှုန့်များပါရှိလာခြင်းဖြစ်နိုင်ကြောင်း နာဆာသုတေသနပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်၏ မြောက်ဘက်နေရာများသို့ ဆက်လက်လေ့လာသုတေသနပြုလျက်ရှိကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အာတိတ်ဒေသ ရေခဲပြင်အနေအထား ဂြိုဟ်တုမှတစ်ဆင့် လေ့လာစောင့်ကြည့်မည်

ဝါရှင်တန် ဧပြီ ၉

ဥရောပအာကာသအေဂျင်စီနှင့် နာဆာအဖွဲ့တို့ပူးပေါင်းပြီး အာတိတ်ဒေသ ရေခဲပြင်အနေအထားများကို ဂြိုဟ်တုမှတစ်ဆင့် လေ့လာသွားမည်ဖြစ်ကြောင်း နာဆာမှ ဧပြီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အချက်အလက်များရယူ

ထိုသို့လေ့လာရာတွင် ယခုသီတင်းပတ်အတွင်း အာတိတ်ဒေသရေခဲပြင်များအပေါ် လေယာဉ်များဖြင့်ပျံသန်းကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပြီး နောက်ဆုံးပေါ်နည်းစနစ်သုံး လေ့လာရေးကိရိယာများဖြင့် အချက်အလက်များရယူမည်ဖြစ်သည်။

အာတိတ်ဒေသတွင် ရေခဲပြင်များ တဖြည်းဖြည်းအရည်ပျော်မှု လျင်မြန်လာလျက်ရှိရာ နာဆာနှင့် ဥရောပအာကာသအေဂျင်စီတို့က ဂြိုဟ်တုများမှလည်း သတင်းဓာတ်ပုံအချက်အလက်များ ရယူသွားမည်ဖြစ်သည်။ တစ်ဖန် အာတိတ်ဒေသရှိ ရေခဲပြင်ထုအနေအထားနှင့် အာတိတ်ဒေသတွင် ရေပြင်အထက်၌ရှိသော ရေခဲထုအတွင်း ဖွဲ့စည်းဖြစ်တည်မှုအနေအထား ဂြိုဟ်တုဓာတ်ပုံများရယူကာ လေ့လာသုတေသနပြုသွားမည်ဖြစ်သည်။ **(အင်တာနက်)**

ကိုသစ္စာ – စုစည်းသည်

သက်တမ်းကုန်ရုရှားဂြိုဟ်တု မိုလ်နီယာ-၁ တီ ပစိဖိတ်သမုဒ္ဒရာအတွင်း ပျက်ကျ

မော်စကို ဧပြီ ၉

ရုရှားနိုင်ငံမှ မိုလ်နီယာ-၁ တီအမည်ရှိ စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးဂြိုဟ်တုသည် သက်တမ်းကုန်ခဲ့ပြီဖြစ်ရာ ၎င်းဂြိုဟ်အပိုင်းအစများ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ဧပြီ ၇ ရက် ညပိုင်းက ပျက်ကျခဲ့ကြောင်း ရုရှားမီဒီယာများက ဧပြီ ၈ ရက်တွင် ဖော်ပြသည်။ **(အောက်ပုံ)**

အဆိုပါ ဂြိုဟ်တုသည် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့မပျက်ကျမီ ကမ္ဘာ့လေထုအတွင်းသို့ ပေါက်ကွဲပျက်စီးပြီး ကျဆင်းလာခြင်းမဟုတ်ဘဲ ကမ္ဘာ့မြေပြင်အနီးရောက်မှသာ အပိုင်းအစများ အဖြစ် ကျိုးပြတ်ကာ သမုဒ္ဒရာအတွင်း ကျဆင်းခဲ့ခြင်းဖြစ်သည်ဟု ရုရှားသတင်းဌာန အာအိုင်အေ နိုဗိုစတီက သတင်းထုတ်ပြန်သည်။

၎င်းဂြိုဟ်တုအပိုင်းအစများသည် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း တောင်လတ္တီကျူ ၆၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၅၈ ဒီဂရီအကြား ရေပြင်သို့ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ရုရှား စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မိုလ်နီယာ-၁ တီ ဂြိုဟ်တုသည် အလေးချိန် ၁ ဒသမ ၆ တန်ရှိပြီး ၁၉၉၆ ခုနှစ် ဩဂုတ်လက လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ၎င်းဂြိုဟ်တုနေရာတွင် မီရီဒင်ဂြိုဟ်တု ကွန်ရက်ဖြင့် အစားထိုးပြီး သတင်းဆက်သွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ

အင်တာနက်အကောင်းဆုံးဝက်ဘ်ဆိုက်ဆု ဆန္ဒပြုမဲပေး၍ ဆုချီးမြှင့်မည်

နယူးယောက် ဧပြီ ၉

အင်တာနက်၏အမြင့်ဆုံးဆုဖြစ်သည့် (၁၆)ကြိမ်မြောက် Webby Awards ဆုကို ချီးမြှင့်မည်ဖြစ်ကြောင်း ဧပြီ ၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အခမ်းအနားဖြင့်ပေးအပ်မည်

အဆိုပါ Webby ဆုအတွက် ပဏာမရွေးချယ်ခံရသူစာရင်းကို ဧပြီ ၁၀ရက်တွင် ကြေညာမည်ဖြစ်ကြောင်း၊ ဆုရရှိသူများအား ရုပ်ရှင်မင်းသား ပက်တန် အော့စဝပ်က မေ ၂၁ ရက်တွင် အခမ်းအနားဖြင့်ပေးအပ်မည်ဖြစ်ကြောင်း နယူးယောက်တိုင်း(မ်)သတင်းစာ၌ ဖော်ပြထားသည်။ **(အောက်ပုံ)**

ယင်း Webby ဆုသည် အင်တာနက်ဝက်ဘ်ဆိုက်များတွင် အကောင်းဆုံး နိုင်ငံတကာဆုပင်ဖြစ်သည်။ Webby ဆု ပြိုင်ပွဲတွင် ကြော်ငြာများ၊ အွန်လိုင်းရုပ်ရှင်၊ ဗီဒီယိုမိုဘိုင်းလ်ဖုန်းသီချင်းနှင့် ဗီဒီယိုဆုများအတွက် ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆုရရှိသူများကို လာမည့်မေ ၁ ရက်တွင် ကြေညာမည်ဖြစ်သည်။ ဆုရရှိကြသူများအား နယူးယောက်မြို့၌ လာမည့်မေ ၂၁ ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပေးအပ်

ဆုအမျိုးအစားပေါင်း ၁၀၀ အတွက် နိုင်ငံပေါင်း ၆၀ မှ ဝင်ရောက်ယှဉ်ပြိုင်သူ ၁၀၀၀၀ ရှိသည်။ ယင်းဆုကို ဧပြီ ၁၀ ရက်မှစပြီး အကောင်းဆုံးဝက်ဘ်ဆိုက်ကို ဆန္ဒပြုမဲပေးရွေးချယ်ပေးရမည်ဖြစ်သည်။ ထိုသို့ဆန္ဒမဲပေးရွေးချယ်မှုကို ဧပြီ ၂၆ ရက်တွင် ပိတ်မည်ဖြစ်သည်။ ယင်းဆုကို The International Academy of Art & Science အဖွဲ့ကြီးက ကြီးမှူးကျင်းပ ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အာကာကျော် – စုစည်းသည်

အိန္ဒိယဘဏ်လုပ်ငန်းလုပ်ကိုင်သူအများစု အွန်လိုင်းစနစ်အသုံးပြုလာကြ

ကိုလ်ကတ္တား ဧပြီ ၉

အိန္ဒိယပြည်သူ ၅၇ ရာခိုင်နှုန်းသည် အင်တာနက်မှတစ်ဆင့် ဈေးဝယ်ခြင်းထက် ဘဏ်လုပ်ငန်းများလုပ်ဆောင်ခြင်းကို ပိုမိုနှစ်သက်ကြကြောင်း စစ်တမ်းတစ်ရပ်ကို ကိုးကားလျက် နေ့စဉ်သတင်းစာတစ်စောင်က ကိုးကားဖော်ပြထားကြောင်း ဧပြီ ၈ ရက်တွင် အင်တာနက်စာမျက်နှာ၌ ဖတ်ရှုရသည်။

စစ်တမ်းတွင်ဖော်ပြ

အိန္ဒိယနိုင်ငံတွင် ထုတ်ကုန်နှင့်ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ အင်တာနက်အသုံးပြုမှုမှာ ၅၃ ရာခိုင်နှုန်းရှိကြောင်း အွန်လိုင်းစစ်တမ်းကောက်ယူရေးကုမ္ပဏီ Ipsos က ဖော်ပြသည်။ လွန်ခဲ့သော သုံးလအတွင်း အလုပ်အကိုင်ရှာဖွေမှုမှာ ၄၂ ရာခိုင်နှုန်းရှိပြီး ဈေးဝယ်ခြင်းမှာ ၄၂ ရာခိုင်နှုန်းရှိသည်ဟု အဆိုပါအွန်လိုင်းကုမ္ပဏီ၏ စစ်တမ်းတွင် ဖော်ပြထားသည်။ **(အပေါ်ပုံ)**

အဆိုပါအွန်လိုင်းဝန်ဆောင်မှုများအနက် အများဆုံးပြုလုပ်သည့်စနစ်မှာ ဘဏ်လုပ်ငန်းများဆောင်ရွက်လုပ်ကိုင်မှုပင်ဖြစ်သည်ဟုဆိုသည်။ ဘဏ်များသို့ချိတ်ဆက်၍ ငွေသွင်းငွေထုတ်အလုပ်များလုပ်ကိုင်ခြင်းသည် အချိန်ကုန်မှုသက်သာစေခြင်း၊ တန်းစီစောင့်ဆိုင်းရမှုများ သက်သာခြင်းနှင့် ငွေကြေးလုံခြုံမှုကို ပိုမိုရရှိစေခြင်းတို့ကြောင့် အင်တာနက်မှဘဏ်ဝန်ဆောင်မှုလုပ်ပေးခြင်းကို ပို၍နှစ်သက်သဘောကျကြောင်း Ipsos အွန်လိုင်းကုမ္ပဏီမှ ဈေးကွက်ဆက်သွယ်ပြန်ကြားရေးအကြီးအကဲ ဘီဝါရပ်ဘီနာဂျီးက ပြောကြားသည်။

အိန္ဒိယနိုင်ငံရှိ ဘဏ်အများစုသည် အွန်လိုင်းဘဏ်စနစ်ကို စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း၊ အွန်လိုင်းမှတစ်ဆင့် တိုက်ခိုက်လာနိုင်သည့် Cybercrime ကိုလည်း ကာကွယ်ပေးနိုင်ရေး တစ်ပြိုင်နက်တည်း ဆောင်ရွက်နေကြောင်း သိရသည်။ **(အင်တာနက်)**

Mac ကွန်ပျူတာသန်းဝက်ကျော် ဗိုင်းရပ်စ်ကူးစက်တိုက်ခိုက်ခံရ

မော်စကို ဧပြီ ၉

အက်ပဲလ်ကွန်ပျူတာ သန်းဝက်ကျော်သည် Flashback Trojan ဟု ခေါ်သော ကွန်ပျူတာဗိုင်းရပ်စ်တစ်မျိုး ကူးစက်တိုက်ခိုက်ခံရကြောင်း ရုရှားဗိုင်းရပ်စ် တိုက်ဖျက်ရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်ကို ဧပြီ ၈ ရက်တွင် သတင်း ဖော်ပြသည်။

Malware ဆော့ဖ်ဝဲလ်သုံးထားသော Mac ကွန်ပျူတာ **(ယာပုံ)** အလုံး ၆၀၀၀၀၀ ကျော် အဆိုပါဗိုင်းရပ်စ် တိုက်ခိုက်မှုကိုခံရကြောင်း၊ ယင်းကွန်ပျူတာများသည် အမေရိကန်နိုင်ငံ၌ အခြေစိုက်ထားရှိသည့် ကွန်ပျူတာများဖြစ်ကြောင်း ရုရှားဗိုင်းရပ်စ်တိုက်ဖျက်ရေးအဖွဲ့မှ ဒေါက်တာဝက်ဘ်က ပြောကြားသည်။

ပထမဆုံးအကြိမ်

အဆိုပါ Flashback Trojan ဗိုင်းရပ်စ်ကို ရုရှားဗိုင်းရပ်စ်အဖွဲ့က ပြီးခဲ့သည့် စက်တင်ဘာလအတွင်း၌ ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိရသည်ဟု ဆိုသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး ဗိုင်းရပ်စ်ကူးစက်ခံရသော Mac ကွန်ပျူတာများအနက် ၂၇၄ လုံးကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ အက်ပဲလ်ဌာနချုပ်၌ စစ်ဆေးပြုပြင်သွားရန်စီစဉ်နေကြောင်း ဒေါက်တာဝက်ဘ်က ပြောကြားသည်။ **(အင်တာနက်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
အမေရိကန် အထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အမေရိကန် လွှတ်တော်များ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ပွင့်လင်းမြင်သာသည့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် လွှတ်တော်ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်
အမေရိကန် အထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၉

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစံထွန်း၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာမြဦး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှု၊ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှု၊ မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုမည့် ရွှေလုံဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း

သတင်းဆောင်းပါး
တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-ကိုထွေး

နေပြည်တော် ဧပြီ ၉

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာမှ (၁)မိုင်ခန့်အကွာ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိသည့် ရွှေလုံဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း . . . . ။ အမည်က ဆန်းသလောက် ဒီဇိုင်းရေးဆွဲထားမှုကလည်း ဆန်းသစ်သည်။ မြစ်ရေတင်စီမံကိန်းများအနက် စံပြုအပ်သည့် မြစ်ရေတင်စီမံကိန်းဟုပင် ဆိုရလောက်သည်။

ရွှေလုံဗိုလ်ကန်ကိုအစွဲပြု၍ ရွှေလုံဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဟု အမည်မှည့်ခေါ်ထားသော်လည်း အဓိကရေအရင်းအမြစ်မှာ ဧရာဝတီမြစ်ဖြစ်သည်။ ဧရာဝတီမြစ်သည် တစ်နှစ်ပတ်လုံးစီးဆင်းပြီး နွေရာသီ၌ပင် မြစ်ပြင်ကျယ်ပြောပြီး ရေထုနှင့် ရေစီးအားအလွန်ကောင်းသည်။

စာမျက်နှာ ၈ ကော်လံ ၄ ●

ရွှေလုံဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေတင် အဆင့်(၁)၌ သံပိုက်လုံးကြီးများဖြင့် ရေစုပ်တင်နေမှုကို တွေ့ရစဉ်။